မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ်အာမက်ဒီနီဂျတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ရီဇာရာဟီမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူး ထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နိုင်ငံသူနိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ထူးခြားသည့် ညအပူချိန်
၁၀-၂-၂၀၁၀

နမ့်စန်မြို့	-၁	ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၁	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၂	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူးသစ် **Colonel, Syphanh PHANTHALAVONG** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ် Colonel, Syphanh PHANTHALAVONG အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်)

ပြည်ထောင်စုဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်စည်ပင်ရေး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်တွဲညီညီဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားသွေးချင်း မျိုးနွယ်ပေါင်းတစ်ရာကျော် စုပေါင်းလက်တွဲနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီတိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားသွေးချင်းများနေထိုင်ရာ ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်မရှိစေရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသ(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှုအခွင့်အလမ်း ဆုံးရှုံး ခဲ့ရသည့် နယ်စပ်ဒေသကလေးများ ပညာရေးအခွင့်အလမ်း ဖြစ်ပေါ်လာစေရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပို့ချ ပညာသင်ကြားပေးလျက်ရှိသည်။

ထို့ပြင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ စက်မှုလက်မှုပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို ရန်ကုန်နှင့် မန္တလေးတွင်လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စစ်ကိုင်းတိုင်းတွင်လည်းကောင်း ဖွင့်လှစ်ထားရှိပြီး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများကို တပ်မတော်အစိုးရလက်ထက်တွင် လမ်းနှင့်တံတား များ ဦးစားပေး တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်။ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်း၊ မြေသားလမ်းများ ဖောက်လုပ်ပေးခဲ့သည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားများအကြား ချစ်ခင်ရင်းနှီးမှု တိုးပွားစေပြီး ကုန်စည်စီးဆင်းမှု ချောမွေ့သွက်လက်လာစေခဲ့သည်။

ထို့ပြင် နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေး ဌာနများအပြင် ဖွံ့ဖြိုးရေးအထူးဒေသများ၌ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးများကို တိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

ယခုအခါ နယ်စပ်ဒေသအပါအဝင် ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာစည်ပင်ဖွံ့ဖြိုးလျက်ရှိရာ အေးချမ်းသာယာသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီသို့ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ သိုက်သိုက်ဝန်းဝန်း ညီညီညာညာလက်တွဲ၍ ချီတက်ကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၂-၂၀၁၀(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနှာဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၃၀	၇။	မွေးမြူသုတ
၅:၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၂၅	၁၂။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း -၁၂)
၇:၀၀	၁၃။	ရုပ်သံလိုင်းရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၀)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ရှေးဟောင်းသုတ
	၁၉။	အနုပညာရှင်၏ တစ်နေ့တာ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရုပ်သံလိုင်းရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၁၉)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မိသားစုများ၏ ဝင်ငွေတိုး လုပ်ငန်းအစီအစဉ်အတွက် ရည်ရွယ်ဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် သင်တန်းပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၈ရက်မှ မတ် ၂၄ရက်အထိ ၄၅ရက်ကြာ ဖွင့်လှစ်ပို့ချ သွားမည်ဖြစ်ပြီး သင်တန်းသို့ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်နှင့် နေပြည်တော်လယ်ဝေး တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၃ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အနော်ရထာခန်းမ အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်စိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လက်မှတ်ရစာရင်းကိုင်များအသင်း၏ ဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော MFRS for SMEs (Part-III) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာ လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန် ဖေဖော်ဝါရီ ၂၄ရက် နောက်ဆုံးထား၍ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်ရှိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း၌ မှတ်ပုံ တင်ကြေး ပေးသွင်းရမည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်း ကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် အမှတ်(ရှိလျှင်)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်များ ဖော်ပြပေးရန်လိုအပ်ပြီး သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံ မည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက် လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း (ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ခြင်ဆေးခွေသုံးလျှင်
သတိယှဉ်
အောက်တွင်ခံခွက်
မမေ့နှင့်

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ရက်က မန္တလေး တိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစဉ်အလာမပျက်

အကြိုညှိနှိုင်းအစည်းအဝေးတွင် နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ မြန်မာတစ်ပြည်လုံးရှိ ဂေါက်ကလပ် အသင်းများ ယှဉ်ပြိုင်ပွဲဖြစ်သည့်အားလျော်စွာ မဟာသင်္ကြန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ကို ယခုနှစ် (၅၂)ကြိမ်မြောက် ဆက်လက်ကျင်းပသွားရန်၊ ပြိုင်ပွဲအမျိုးအစားများအနေဖြင့် ကလပ်အသင်းများအလိုက် ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့်ပြိုင်ပွဲများ၊ အသင်းလိုက်ပြိုင် ပွဲများ၊ တစ်ဦးချင်းပြိုင်ပွဲများ၊ သက်ကြီးတန်းပြိုင်ပွဲများ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင် ဖလားပြိုင်ပွဲများ ကျင်းပသွားရန်၊ ပြိုင်ပွဲရက်ကို ဧပြီ ၁၁ရက်မှ ၁၄ရက်အထိ လေးရက် ကျင်းပသွားရန်၊ ဆုကြေးငွေကျပ်သိန်း ၁၅၀ကို ချီးမြှင့်သွားရန်၊ ပါဝင်ယှဉ်ပြိုင် ကစား ကြမည့် ဂေါက်သီးရိုက် အားကစားမောင်မယ်များအတွက် တည်းခိုခန်းခ တစ်ဝက်နှုန်းဖြင့် စီစဉ်ပေးရန်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ထိုက်ထိုက်တန်တန် ချီးမြှင့်ရန်တို့ကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။

ပံ့ပိုးကူညီ

၂၀၁၀ခုနှစ် (၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို KM Golf Centre က အဓိက ပံ့ပိုးကူညီမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ယခင်နှစ်များကထက် ယခုနှစ်တွင် ပိုမို စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ကုမ္ပဏီအသီးသီးတို့ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဂေါက်သီးရိုက်ကွင်းအတွင်း ကြော်ငြာများ စိုက်ထူခြင်းလုပ်ငန်း များ ဆောင်ရွက်လိုပါက ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဖုန်း-၀၈၅-၂၂၃၈၂၊ ဦးစံဇာ ဖုန်း-၀၉-၅၂-၆၁၂၉၁နှင့် ဗိုလ်မှူးစိုင်းဝင်းဟန်(ငြိမ်း) ဖုန်း-၀၉-၂၀-၄၄၁၆၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ် Colonel, Syphanh PHANTHALAVONG အားလက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဘီးလင်းမြို့နယ်ရှိ အမှတ်(၂) တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်ရုံတည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် နောက်ခံသမိုင်း၊ စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ထုတ်လုပ်မှုဌာနများ၊ ထုတ်လုပ်မည့် တာယာအမျိုးအစားနှင့် ထုတ်လုပ်မှု စွမ်းအား၊ ပြည်တွင်းတာယာ လိုအပ်ချက်နှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံ၏ တာယာထုတ်လုပ်မှု အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

လျာထားချက်ပြည့်မီရေးမှာကြား

ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်များ စွမ်းအားပြည့် လည်ပတ်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ လျာထားချက်ပြည့်မီရေး တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ General Manager နှင့် Design Institute President တို့အား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး စက်ရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမုခ်ဦး၌ ကျင်းပသည့် စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)၏ စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက်ရောက်

စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းတို့က အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ (ဘီးလင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ် (၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု စက်ရုံ(ဘီးလင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

11-2 (03).pmd 1 2/11/2010, 2:32 AM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၂၃၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၄၅၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၂၃၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၄၅၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၅၇၁ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၈၇၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၅၇၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၈၇၁ ဦး

(အင်တာနက်)

အာဖဂန်နစ္စတန် တောင်ပိုင်း၌ ရေလွှမ်း ၁၆ဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလျှံမှုဖြစ်ပွားရာ ၁၆ဦးထက်မနည်းသေဆုံးပြီး အိမ်ခြေ ၅၀၀ပျက်စီးကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အာယူဘီက ဖေဖော်ဝါရီ ၈ရက်၌ ပြောကြားသည်။

ဆက်လက်ရှာဖွေ

ရေတိုက်စားမှုကြောင့် ရှာဝါလီကော့ခရိုင်တွင် မော်တော်ယာဉ်သုံးစီးမျောပါသွားပြီး ခရီးသည် ၁၆ဦး သေဆုံးကြောင်း၊ ၎င်းတို့အနက်မှ ခြောက်ဦး၏ အလောင်းများတွေ့ရှိထားပြီး ကျန် ၁၀ဦးကို ဆက်လက်ရှာဖွေနေကြောင်း အာယူဘီကသတင်းဌာနသို့ ပြောကြားသည်။ ***(အင်တာနက်)***

ဂါဇာစစ်ပွဲအရေး အစ္စရေးစုံစမ်းမှု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ဝေဖန်

နယူးယောက် ဖေဖော်ဝါရီ ၁၀

၂၀၀၈ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သော ဂါဇာစစ်ပွဲကာလအတွင်း ယင်းအစ္စရေးတပ်ဖွဲ့များ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ သင့်လျော်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ပျက်ကွက်ခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (အိပ်ချ်အာရ်ဒဗလျူ)က ပြောကြားသည်။

ပယ်ချ

အစ္စရေးတို့ကမူ မိမိတို့အနေဖြင့် ယုံကြည်စိတ်ချရပြီး သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။ အစ္စရေးနိုင်ငံ၏ပြောဆိုချက်ကို အိပ်ချ်အာရ်ဒဗလျူ၏ အရှေ့အလယ်ပိုင်းရေးရာ ဒုတိယညွှန်ကြားရေးမှူးဂျိုးစတော့က ဖေဖော်ဝါရီ ၇ရက်တွင် လက်မခံဘဲ ပယ်ချလိုက်သည်။

ဆောင်ရွက်

လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုများအနေဖြင့် ပါလက်စတိုင်းအရပ်သားများ အဘယ်ကြောင့် သေဆုံးခဲ့ရသည်ကို နားလည်ရန်နှင့် မတရားတိုက်ခိုက်ခြင်းခံရသည့် ပြည်သူများအတွက် တရားမျှတမှုရရှိအောင် ဆောင်ရွက်ရန် အရေးကြီးကြောင်းဖြင့်လည်း ဂျိုးစတော့က ပြောကြားသည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားမှုကြောင့် ပျက်စီးသွားသည့် ကားများကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရပ်သားများသေဆုံးရသည့်တိုက်ခိုက်မှု ရပ်တန့်ရန် အာဖဂန်သမ္မတ မေတ္တာရပ်ခံ

ကဘူးလ် ဖေဖော်ဝါရီ ၁၀

နိုင်ငံတကာ ညွန့်ပေါင်းတပ်ဖွဲ့များအနေဖြင့် အာဖဂန်နစ္စတန်ကျေးရွာများကို စစ်ရေးအရ စီးနင်းတိုက်ခိုက်မှုများ ရပ်တန့်ရန်နှင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုများကို လုံးဝအဆုံးသတ်ရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ဖေဖော်ဝါရီ ၇ရက်က မေတ္တာရပ်ခံလိုက်သည်။

နိုင်ငံတကာတပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ်နေစဉ်ကာလအတွင်း အရပ်သားများ ထိခိုက်သေကျေဒဏ်ရာရရှိကြရခြင်းကြောင့် အာဖဂန်နစ္စတန်ပြည်သူများအကြား ဒေါသအမျက်ထွက်ကြရကြောင်း၊လေ့လာသူများက အဆိုပါပြည်သူများအား တာလီဘန်အကြမ်းဖက်အဖွဲ့သို့ဝင်ရောက်ကြရန် အားပေးသလိုဖြစ်နေကြောင်း သုံးသပ်ပြောကြားသည်။

အကြမ်းဖက်သမားများအား တိုက်ခိုက်သည့်စစ်ပွဲနေရာသည် အာဖဂန်ကျေးလက်ဒေသများနှင့် နေအိမ်များတွင် မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများအား ချေမှုန်းရေးစစ်ပွဲနေရာမှာ ၎င်းတို့ ခိုလှုံပုန်းအောင်းရာနေရာများ၊ လေ့ကျင့်ရေးကွင်းများ၊ နောက်ကွယ်မှတွန်းအားပေးနေသူများနှင့် ပြည်ပမှ ငွေကြေးအထောက်အပံ့ပေးနေသူများဖြစ်သည်ဟု ယုံကြည်ကြောင်းဖြင့်လည်း အာဖဂန်နစ္စတန်သမ္မတက ပြောကြားသည်။

ပြောကြား

နှစ်ပတ်လည်မြူးနစ်လုံခြုံရေး ညီလာခံတွင် အာဖဂန်နစ္စတန်သမ္မတကာဇိုင်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်ဟု သိရသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အီရတ်၌ တိုက်ပွဲဖြစ် အယ်လ်ခိုင်ဒါ ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀

အီရတ်နိုင်ငံ မာခါမာခရိုင်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၉ရက်က အီရတ်တပ်ဖွဲ့နှင့် သေနတ်သမားများ အပြန်အလှန်ပစ်ခတ်ကြရာ အယ်လ်ခိုင်ဒါခြောက်ဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အီရတ်တပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

မာခါမာခရိုင်တောင်ပိုင်း ဘာယူလာကျေးရွာအနီးရှိ စစ်ဆေးရေးဂိတ်ကို အယ်လ်ခိုင်ဒါသေနတ်သမားများက တိုက်ခိုက်ရာမှ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့တောင်ပိုင်း ကာဘာလာဒေသ၌ ဗုံး ပေါက် ကွဲ မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ပြောင်ခြိမ်းခြောက်မှုဖြင့် လေယာဉ်ခရီးသည် ဖမ်းဆီးခံရ

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၀

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ နယူးဇီလန်နိုင်ငံ ဟာမီလ်တန်မြို့ရှိ ဟာမီလ်တန်နိုင်ငံတကာလေဆိပ်သို့ ဖေဖော်ဝါရီ ၉ရက်တွင် ရောက်ရှိလာသည့် ခရီးသည်တစ်ဦးက ၎င်း၏အိတ်အတွင်း ဗုံးပါရှိသည်ဟု လုံခြုံရေးဝန်ထမ်းများအား နောက်ပြောင်မှုဖြင့် ဖမ်းဆီးခံရကြောင်း ဆင်ဟွာကဖော်ပြသည်။

ဖော်ပြ

နောက်ပြောင်ပြောဆိုခြင်းသာဖြစ်ကြောင်း ပြောကြားသော်လည်း လေဆိပ်ဝန်ထမ်းများက ၎င်း၏အိတ်များကို ရှာဖွေခဲ့သည်။ ဗုံးကိုမူမတွေ့ရှိရဘဲ ဆွစ်တပ်ဖွဲ့ဝင်သုံးဓားတစ်ချောင်းကိုသာ တွေ့ရှိခဲ့သည်ဟု ယင်းသတင်း၌ ဖော်ပြထားသည်။

အရေးယူ

နောက်ပြောင်ပြောဆိုသူခရီးသည်အား လေကြောင်းဆိုင်ရာ ပြစ်မှုချိုးဖောက်မှုဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဗုံးဖောက်ခွဲ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ကားရပ်နားရာစခန်း၌ ဆိုင်ကယ်ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နေတိုးဦးဆောင်သည့် မာဂျာတိုက်ပွဲစစ်ဆင်ရေး

အာဖဂန်မိသားစု ၄၀၀ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးလျက်ရှိ

ကန်ဒါဟာ ဖေဖော်ဝါရီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် မာဂျာမြို့၌ ရာနှင့်ချီသော မိသားစုများသည် တာလီဘန်လက်နက်ကိုင်များအား အပြီးသတ်ထိုးစစ်ဆင်ချေမှုန်းမည်ဖြစ်ကြောင်း အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့တို့ ထုတ်ပြန်ကြေညာပြီးနောက် ၎င်းတို့၏အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြသည်ဟု ဒေသအာဏာပိုင်များက ပြောကြားသည်။

စွန့်ခွာ

နေတိုးဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့က တာလီဘန်များအား အဓိကထိုးစစ်ဆင်မည့်တိုက်ပွဲအတွင်း သွေးစွန်းမည်ကို ကြောက်ရွံ့သည့် ဒေသခံမိသားစု ၄၀၀ကျော်က အိုးအိမ်များကို စွန့်ခွာသွားကြခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်တွင် ပရက်စ်တီဗွီသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဖော်ပြ

အမေရိကန်ဦးဆောင်သောအဖွဲ့နှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ မာဂျာတိုက်ပွဲစစ်ဆင်ရေးအစီအစဉ်ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ကြေညာရာတွင် အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့အား ရှေ့တန်းစစ်မျက်နှာသို့ပို့မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ (အင်တာနက်)

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ ပြကွက်အဖုံဖုံ

စစ်ကိုင်းတိုင်းပြကွက်မှ စိုက်ပျိုးမြေ လယ်မြေကောင်းသိန်းအကျိုးပြု သဖန်းဆိပ်ရေလှောင်တမံ၏ ကြီးမားထည်ဝါခံ့ညားမှုကို ဤသို့ တွေ့ရသည်။

ချင်းပြည်နယ်ပြကွက်မှ သွေးချင်းတို့၏ ချင်းရိုးရာအိမ်ကိုလည်း ဤသို့ နေချင့်စဖွယ် တည်ဆောက်ပြသထားသည်။

မွန်ပြည်နယ်ပြကွက်မှ သံလွင်မြစ်ကူးတံတား (မော်လမြိုင်)ကို ဤသို့ တွေ့ရသည်။

တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၃၅၅၀ထုတ်လွှတ်ပေးနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးတိုင်း ပြကွက်၌ ဤသို့ ပြသထားသည်။

တိုင်းရင်းသားပြည်သူများ သွားလာရေးလွယ်ကူချောမွေ့လျက်ရှိသော ဗလမင်းထင်တံတားကို ကချင်ပြည်နယ်ပြကွက်၌ ဤသို့ တည်ဆောက်ပြသထားသည်။

ရှမ်းပြည်နယ်ပြကွက်မှ သံလွင်မြစ်ကူး (တာကော်အက်) တံတားကို ဤသို့ အလှဆင်ထားသည်။

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)နှင့် အေးမင်း(သတင်းစဉ်)

စာမျက်နှာ ဖွဲ့စည်းမှု
ဇင်မင်းသန့် (မြန်မာ့အလင်း)

တနင်္သာရီတိုင်းပြကွက်၌ မောင်းမကန်ကမ်းခြေအလှကို ဤသို့ ဖော်ကျူးခြယ်သထားသည်။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထင်ဟပ်ဖော်ပြနေသော
အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော လူမှုရေးဦးတည်ချက် (၄)ရပ်နှင့်အညီ တိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ရှင်သန်နိုးကြားစေခဲ့သော ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ပြန်လည်ဖော်ထုတ်နိုင်မှု မြင်ကွင်းကို ပဲခူးတိုင်းပြကွက်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ခင်းကျင်းတည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

➢ သတင်းဆောင်းပါး - မြင့်မောင်စိုး
➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ပြည်ထောင်စုနိုင်ငံတော်ကြီးပင်ဖြစ်သည်။ ဤပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားသွေးချင်းတို့သည် ရှေးပဝေသဏီကပင် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြရာ မျက်မှောက်ကာလတွင် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလျက် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းစသော လွတ်လပ်ရေး၏ အသီးအပွင့်များ ရရှိခံစားနေကြရပြီဖြစ်သည်။

အထူးသဖြင့် တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် ပြည်ထောင်စုတစ်ဝန်း အဘက်ဘက်မှ တိုးတက်ပြောင်းလဲခဲ့ပေပြီ။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသောကဏ္ဍများ နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက် ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် အခြေခံစီးပွားရေး တိုးတက်ခိုင်မာစေရေးအတွက် ဆည်တမံအစုအဖွဲ့များ ရာနှင့်ချီ၍ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ဒေသတစ်ခုမှ တစ်ခုသို့ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် မြစ်ကူးတံတားကြီးများ၊ မော်တော်ကားလမ်းများနှင့် မီးရထားလမ်းသစ်များ တည်ဆောက်၊ ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဤသို့ တပ်မတော်အစိုးရလက်ထက် တိုးတက်ပြောင်းလဲလာသော မြင်ကွင်းသစ်များနှင့် ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားအထိမ်းအမှတ် အဆောက်အအုံများ တစုတဝေးတည်း လေ့လာနိုင်သည့်နေရာကား နေပြည်တော်၌ တည်ဆောက်ဖွင့်လှစ်မည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ပင်ဖြစ်သည်။ ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အား (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၁၁-၂-၂၀၁၀ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိခဲ့ရသည်။ ယင်းအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သည် နေပြည်တော် ဇေယျာသီရိမြို့ ရေဆင်းဆည်အနီး သိုက်ချောင်းလမ်းတွင် တည်ရှိသည်။ အဆိုပါ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ကုမ္ပဏီရှစ်ခုက မြေဧရိယာဧက ၄၀၀တွင် တာဝန်ယူတည်ဆောက်ခဲ့ရာ သတင်းအဖွဲ့အနေဖြင့် ထူးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ကချင်ပြည်နယ်ပြကွက်များကို ဦးစွာသွားရောက် လေ့လာခဲ့ကြသည်။

ကချင်ပြည်နယ်ပြကွက်

ယင်းအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သိုက်ချောင်းလမ်းမှ ဝင်ရောက်လိုက်သည်နှင့် ဦးစွာ အဝင်မုခ်ဦးကို ခမ်းနားထည်ဝါစွာ တွေ့ရပေသည်။ ထိုမှဆက်လက်၍ ဝင်ရောက်သွားသည်နှင့် ထူးကုမ္ပဏီ၏ ကချင်ပြည်နယ်ပြကွက်များကို တွေ့ရပေသည်။

ပြကွက်များအနက် ခါကာဘိုရာဇီတောင်၊ လီဆူအိမ်၊ ရဝမ်အိမ်၊ ကချင်ရိုးရာအိမ်၊ ဂျိန်းဖော့ရိုးရာအိမ်၊ အင်းတော်ကြီးဘုရားနှင့် အင်းတော်ကြီးအိုင်တို့ကို ဦးစွာတွေ့ရပေသည်။ ထိုမှဆက်လက်၍ မေခနှင့် မလိခမြစ်တို့ပေါင်းဆုံရာ မြစ်ဆုံမြင်ကွင်းအလှ၊ ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် ဗလမင်းထင်တံတား၊ ကချင်တိုင်းရင်းသားများ၏ ရုပ်တုတို့နှင့် သာယာရှုမောဖွယ် မြင်ကွင်းများအဖြစ် တည်ဆောက်ထားသည်မှာ ကချင်ပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားရသည်။

အထူးသဖြင့် ကချင်ပြည်နယ်သို့ ရောက်ခဲ့စဉ်က ဗလမင်းထင်တံတားကြီးပေါ်သို့ ဖြတ်သန်း သွားရောက်ခဲ့ဖူးသည်ကို ပြန်လည်သတိရ အောက်မေ့မိသည်။ ဤတံတားကြီးမှာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မြစ်ကြီးနားမြို့နှင့် အရှေ့ဘက်ခြမ်း ဝိုင်းမော်မြို့နယ်တို့ကို ဆက်သွယ်ပေးထားပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၁၄ရက်က ဖွင့်လှစ်ခဲ့သော ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည်။ ဤတံတားကြီး ဖွင့်လှစ်ပေးနိုင်ခဲ့၍ ယခုအခါ ကချင်ပြည်နယ်အတွင်း သွားလာရေး လွယ်ကူချောမွေ့လျက်ရှိသည်။ ဤကချင်ပြည်နယ်ပြကွက်တွင် ပူတာအိုမြို့နှင့် မြစ်ကြီးနားမြို့ ရှုခင်းများနှင့် စားသောက်ဆိုင်တို့ကိုလည်း တွေ့ရပေသည်။

ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသနေပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေး လမ်း၊ တံတားများ တည်ဆောက်ပေးခဲ့ရာ မကွေးတိုင်းပြကွက်၌ အနော်ရထာတံတား (ချောက်) တည်ဆောက်ပေးနိုင်ခဲ့မှုကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တွင် ဤသို့ မှတ်တမ်းပြု ပြသထားသည်။ (မြန်မာ့အလင်း)

ကရင်ပြည်နယ်သည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ ဖွံ့ဖြိုးမှုအားနည်းခဲ့ရာမှ နိုင်ငံတော်အစိုးရလက်ထက်တွင် အဘက်ဘက်မှ တိုးတက်ပြောင်းလဲလျက်ရှိရာ ကရင်ပြည်နယ်ပြကွက်၌ ပြည်နယ်၏အထင်ကရ ဇွဲကပင်တောင်မြင်ကွင်းအလှကလည်း တည်ငြိမ်အေးချမ်းမှုကို ဖော်ညွှန်းလျက်ရှိသည်။ (မြန်မာ့အလင်း)

ကယားပြည်နယ်ပြကွက်

ဆက်လက်၍ သတင်းခရီးသည်တို့သည် ကယားပြည်နယ်ပြကွက်သို့ ခရီးဆက်ခဲ့ကြသည်။ ကယားပြည်နယ်ပြကွက်သို့ ရောက်သည်နှင့် တောင်ကွဲစေတီကို ဦးစွာတွေ့ရသည်။ တောင်ကွဲစေတီကို ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားသည်။ ဤကယားပြည်နယ် ပြကွက်အတွင်း ကယားရိုးရာအိမ်ကိုလည်း တည်ဆောက်ထားသည်။ သာယာလှပသော ဒီမောဆိုမြို့နှင့် ဘော်လခဲမြို့ရှုခင်းများကိုလည်း သတိပြုမိသေးသည်။

ကရင်ပြည်နယ်ပြကွက်

ကယားပြည်နယ်ပြကွက်များကို နှုတ်ဆက်၍ ကရင်ပြည်နယ်ပြကွက်သို့ ဆက်လက်ခရီးဆက်ခဲ့ကြသည်။ ကရင်ပြည်နယ်ပြကွက်နှင့် တနင်္သာရီတိုင်းပြကွက်များကို Golden Flower ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ပြကွက်တွင် ကြီးကျယ်ခမ်းနားသော ကရင်ရိုးရာ ပျဉ်ထောင် ပျဉ်ခင်း အိမ်ကြီးများကို ဦးစွာတွေ့ရသည်။ ကရင်တိုင်းရင်းသားများသည် အိမ်ကြီးအိမ်ကောင်းများနှင့် နေထိုင်လေ့ရှိသောဓလေ့ကို လေ့လာစေ့ငုမိသည်။ သံလွင်တံတား (ဘားအံ)ပေါ်မှ ဇွဲကပင်တောင်၏အလှအပကို တွေ့ရသည်။ မာယာများသော ဇွဲကပင်ဟုပင် ဆိုရလောက်အောင် အနီးတစ်မျိုး၊ အဝေးတစ်ဖုံ ဆွဲဆောင်မှုအပြည့်အဝရှိနေသော ဇွဲကပင်တောင်ပင်ဖြစ်သည်။ သံလွင်တံတား(ဘားအံ)ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးနိုင်ခဲ့ခြင်းမှာလည်း ကရင်ပြည်နယ်သည် မည်သည့်ခေတ်အခါကာလနှင့်မျှမတူအောင် တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

သံလွင်တံတား(ဘားအံ)နှင့်အတူ မြဝတီမြို့ ရှုခင်းအလှ၊ သံလွင်မြစ်ရှုခင်း၊ ဖာပွန်-ဘားအံလမ်းတို့ကိုလည်း သဘာဝကျကျ တည်ဆောက်ထားသည်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ရောက်လျှင် ကရင်ပြည်နယ်ပြကွက်များက ကရင်ပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ချင်းပြည်နယ်ပြကွက်

ကရင်ပြည်နယ်ပြကွက်မှအပြန် ချင်းပြည်နယ်ပြကွက်သို့ ဝင်ရောက်လေ့လာခဲ့သည်။ ချင်းပြည်နယ်ပြကွက်သို့ ဝင်လိုက်သည်နှင့် ပေ ၆၀၀၀ကျော်အထက်က ဟားခါးမြို့ကို ပို၍သတိရမိသွားသည်။ ဟားခါးမြို့ကို တီးတိန်-ဟားခါး-ဂန့်ဂေါ-ချောင်းဦး လမ်းတို့နှင့်အတူ လိုက်ဖက်ညီစွာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဟားခါးမြို့အနီးတွင် ချင်းရိုးရာအိမ်ကြီးကိုလည်း နေချင့်စဖွယ် ဆောက်လုပ်ထားသည်။ ဟားခါးမြို့မှ မြောက်ဘက်သို့ ခရီးဆက်ခဲ့ရာ မင်းတပ်မြို့သို့ ရောက်ခဲ့ပြန်သည်။ ထိုမှတစ်ဖန် ချင်းပြည်နယ်၏ ကျက်သရေဆောင် ရိဒ်ရေကန်ကြီးကိုလည်း ရှုခင်းအလှအပများဖြင့် စီမံထားသဖြင့် ချင်းပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားရပေသည်။

မွန်ပြည်နယ်ပြကွက်

ချင်းပြည်နယ်ပြကွက်များကို လေ့လာခဲ့ပြီးနောက် မွန်ပြည်နယ်ပြကွက်များသို့ ဆက်လက်လေ့လာခဲ့သည်။ မွန်ပြည်နယ်ပြကွက်နှင့် ရန်ကုန်တိုင်းပြကွက်များကို အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်ပြကွက်တွင် ကျိုက်ထီးရိုးစေတီကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ဤပြကွက်အတွင်း မွန်ရိုးရာအိမ်များကိုလည်း သန့်ရှင်းသပ်ရပ်စွာ တွေ့ရသည်။ စက်ဆဲကမ်းခြေကို တည်ဆောက်ပေးထားသည်။ သံလွင်မြစ်ကူးတံတား (မော်လမြိုင်)မှာ မွန်ပြည်နယ်၏ ကျက်သရေဆောင်တံတားကြီးဖြစ်သည်။ မွန်ပြည်နယ်အတွင်း သံလွင်မြစ်ကူးတံတားကြီး တည်ဆောက်ပေးနိုင်ခဲ့၍ ဒေသနေပြည်သူများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်ပြကွက်

မွန်ပြည်နယ်ပြကွက်မှ ရခိုင်ပြည်နယ်ပြကွက်သို့ ခရီးဆက်ခဲ့ကြသည်။ ရခိုင်ပြည်နယ်ပြကွက်နှင့် ဧရာဝတီတိုင်းပြကွက်များကို မက်(စ်)မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ဤပြကွက်အတွင်း စစ်တွေမြို့ပြကွက်ကို ဦးစွာတွေ့ရသည်။ စစ်တွေမြို့ကို ကစ္ဆပနဒီတံတား၊ ကိုးသောင်းပုထိုးတော်ကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ စစ်တွေပွိုင့်ရေကန်များဖြင့် လှပစွာတည်ဆောက်ထားသည်။ စစ်တွေပွိုင့်မျှော်စင်မှကြည့်လျှင် ကိုးသောင်းပုထိုး၊ သျှစ်သောင်းပုထိုးများအပြင် ရခိုင်ပြည်နယ်အလှကို တွေ့ရပေသည်။ ထို့အပြင် ငပလီကမ်းခြေအလှကိုလည်း လှမ်း၍မြင်တွေ့ရသည်။

ပြကွက်တွင်ပါဝင်သည့် သျှစ်သောင်းပုထိုးတော်ကြီးကို ကောဇာသက္ကရာဇ် ၈၇၉ခုနှစ် အေဒီ ၁၅၁၅ ခုနှစ်တွင် ဘုရင်မင်းမဟာမြတ်ကြီး တည်ထားခဲ့ကြောင်း၊ ယင်းပုထိုးတော်ကြီးသည် မြန်မာသာမက ကမ္ဘာမှာပါ အကျော်ကြားဆုံး ပုထိုးတော်ကြီးဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ထို့အတူ ကိုးသောင်းပုထိုးတော်ကြီးကိုလည်း ကောဇာသက္ကရာဇ် ၉၁၅ခုနှစ်၊ အေဒီ ၁၅၅၃ခုနှစ်တွင် မင်းမဟာမြတ်ကြီး၏သားတော် ဘုရင်မင်းတိတ်ခ တည်ခဲ့ကြောင်း၊ ယင်းပုထိုးတော်ကြီးသည် မြောက်ဦးမြို့ရှိ အထင်ရှားဆုံး ပုထိုးစေတီဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်ပြကွက်အတွင်း ကစ္ဆပနဒီတံတားကြီးကိုလည်း တွေ့ရသည်။ ၎င်းတံတားကို ဖြတ်ပြီး စစ်တွေမြို့ ကိုးသောင်းပုထိုး၊ သျှစ်သောင်းပုထိုးနှင့် စစ်တွေပွိုင့်များ ပြကွက်များသို့ သွားရောက်လည်ပတ်နိုင်သည်။

ရှမ်းပြည်နယ်ပြကွက်

ကချင်ပြည်နယ်ပြကွက်မှ တောင်ဘက်သို့ ဆက်လက်ဝင်ရောက်လိုက်သည်နှင့် ရှမ်းပြည်နယ်ပြကွက်များကို တွေ့ရပေသည်။ ရှမ်းပြည်နယ်ပြကွက်များနှင့် ကယားပြည်နယ်ပြကွက်များကို ဧဒင်အုပ်စုကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁

11-2 (06).pmd 1 2/11/2010, 2:32 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

သျှစ်သောင်းပုထိုးတော်ကြီးကို ကောဇာသက္ကရာဇ် ၈၇၉ခုနှစ်၊ အေဒီ ၁၅၃၅ခုနှစ်တွင် ဘုရင်မင်းမဟာမြတ်ကြီး တည်ထားကိုးကွယ်ခဲ့ပြီး မြန်မာ့ဗိသုကာမက ကမ္ဘာတွင်ပါ ထင်ရှားသော ပုထိုးတော်ကြီးကို ရခိုင်ပြည်နယ်ပြကွက်တွင် ဤသို့ ရှေးဟောင်းဗိသုကာလက်ရာအတိုင်း ထုဆစ်ပြသထားသည်။ (မြန်မာ့အလင်း)

တောင်ကွဲစေတီ

ကယားပြည်နယ်သည် နိုင်ငံတော်အစိုးရလက်ထက်တွင် အဘက်ဘက်မှ တိုးတက်ပြောင်းလဲခဲ့ရာ ဒေသနေပြည်သူတို့၏ တည်ထားကိုးကွယ်ရာ တောင်ကွဲစေတီမှာလည်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ သာသနာရောင်ဝယ် နေလိုထွန်းပလျက်ရှိပုံကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဤသို့ ကြည်ညိုဖွယ် တည်ထားသည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ရှမ်းပြည်နယ်ပြကွက်တွင် အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီ၊ ကျိုင်းတုံမြို့ ရပ်တော်မူဘုရား၊ ပင်းတယဂူဘုရား၊ သံလွင်မြစ်ကူးတံတားများဖြစ်သည့် ကွမ်းလုံကြိုးတံတား၊ တာဆန်းတံတား၊ တာကောတံတားနှင့် တာကော်အက်တံတားတို့ကို ဦးစွာတွေ့ရသည်။ ဤတံတားများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ ရှမ်းပြည်နယ်တစ်ခွင် သွားလာရေး လွယ်ကူချောမွေ့လာသည်။ ယင်းတံတားများအနက် တာကော်အက်တံတားမှာလည်း တန့်ယန်း-တုံးဟုံး-တာကော်အက်လမ်းပေါ်တွင်တည်ရှိသော ဘေလီသံမဏိကြိုးဆိုင်းတံတားဖြစ်သည်။

တောင်ရိုး၏အလှ၊ ရွှေဘိုနန်းတော်၊ ကောင်းမှုတော်ဘုရားတို့ကို ဦးစွာတွေ့ရသည်။ ဆက်လက်၍ မုံရွာမြို့ ရှေးမြန်မာအိမ်၊ လေရှီးနှင့် နာဂရိုးရာအိမ်များကိုလည်း တွေ့မြင်ရသည်။

ချင်းတွင်းမြစ်၊ ချင်းတွင်းတံတား၊ ဆင်ဖြူရှင်တံတားတို့ကိုလည်း ဤပြကွက်အတွင်း ထည့်သွင်းတည်ဆောက်ထားရာ စစ်ကိုင်းတိုင်းအတွင်း သွားလာမှု အဆင်ပြေစေရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်ခဲ့မှုကို ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

စစ်ကိုင်းတိုင်းပြကွက်အတွင်း သဖန်းဆိပ်ရေလှောင်တမံကြီးကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဧပြီ ၁၇ရက်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းရေလှောင်တမံကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံး၊ အရှေ့တောင်အာရှတွင် အရှည်ဆုံးရေလှောင်တမံဖြစ်ပြီး တမံအလျား ၂၂၅၈၇ပေရှိသည်။ သဖန်းဆိပ်ရေလှောင်တမံကြီးသည် စိုက်ပျိုးမြေလယ်မြေဧကငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးဝေနိုင်သည်။ ဤရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်၊ ဝက်လက်နှင့် အရာတော်မြို့နယ်များတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

မကွေးတိုင်းပြကွက်

မကွေးတိုင်းပြကွက်များကို ကေကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မကွေးတိုင်းပြကွက်သို့ရောက်သည်နှင့် မကွေးမြသလွန်ဘုရားကို ဧရာဝတီမြစ်ကူးတံတား (မကွေး)နှင့်အတူ ပန်းရလျက် ဖူးတွေ့ရလေသည်။ အနော်ရထာတံတား(ချောက်)ကိုလည်း မန်းရွှေစက်တော်ဘုရားနှင့်အတူ လှပစွာ တည်ဆောက်ထားသည်။ မကွေးမြို့တစ်ဖက်ကမ်း မင်းဘူးမြို့အနီးမှ နဂါးပွက်တောင်ကဲ့သို့ ပုံစံတူ ပြုလုပ်ထားသည်မှာလည်း အံ့သြစရာကောင်းလှ၏။

မကွေးမြို့ရှုခင်း၊ ပုသိမ်- မုံရွာလမ်း၊ မကွေး-နေပြည်တော်လမ်း၊ မကွေး-ချောက်လမ်းများကိုလည်း သစ်ပင်ပန်းမန်အလှပင်များဖြင့် အကောင်းဆုံးပြုလုပ်ထားသည်ကို တွေ့ရသည်။ ကေကုမ္ပဏီက မကွေးတိုင်းပြကွက်သာမက မန္တလေးတိုင်းပြကွက်ထဲမှ ရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ တုရင်တောင်နှင့် လောကနန္ဒာဘုရားတို့ပါဝင်သည့် စွယ်တော်လေးဆူပြကွက်ကိုလည်း တာဝန်ယူတည်ဆောက်ပေးခဲ့သည်။ ထို့အပြင် ပုဂံနန်းတော်ကြီးကိုလည်း ဤပြကွက်အတွင်း ခမ်းနားထည်ဝါစွာ တည်ဆောက်ထားသည်။

မြန်မာနိုင်ငံသည် သဘာဝရေမြေ၊ တောတောင်များဖြင့် သာယာလှသည့် နိုင်ငံဖြစ်သည့်အလျောက် ခရီးသွားဒေသများ အများအပြားတည်ရှိပြီး ဧရာဝတီတိုင်း ချောင်းသာကမ်းသာယာသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေရာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဤသို့ ခြယ်မှုန်းအလှဆင် ပြသထားသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော်တို့ ပေါင်းစည်းနေထိုင်လျက်ရှိရာ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ရေးအတွက် ရန်ကုန်မြို့ရှိ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဤသို့ ငွားငွားစွင့်စွင့် တည်ဆောက်ပြသထားသည်။

(မြန်မာ့အလင်း)

ထို့အပြင် ရှမ်းပြည်နယ်ပြကွက်အတွင်း ထင်းရှူးပင်များနှင့် လှပနေသော မိုင်းမောမြို့ရှုခင်း၊ ကျွန်းပင်များနှင့်သာယာနေသည့် ပန်ဆန်းမြို့၊ ကျိုင်းတုံမြို့၊ နမ့်ဆန်မြို့၊ လားရှိုးမြို့၊ မိုင်းယန်းမြို့၊ မိုင်းလားမြို့ ရှုခင်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ လွိုင်လင်မြို့၊ ဟိုပန်မြို့၊ နမ့်စန်မြို့၊ အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီပြကွက်များကို သာယာရှုမောဖွယ် တွေ့ရပေသည်။ ဤပြကွက်များအတွင်း ရှမ်းရိုးရာအိမ်၊ အင်းသားရိုးရာအိမ်၊ ဓနုရိုးရာအိမ်နှင့် ပအိုဝ်းရိုးရာအိမ်များကိုလည်း ရှမ်းပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားတွေ့ရှိခဲ့ရပေသည်။

နေပြည်တော်ပြကွက်

နိုင်ငံတော်အစိုးရလက်ထက်တွင် နေပြည်တော်ကြီးကို တည်ဆောက်နိုင်ခဲ့ပြီး တိုးတက်ပြောင်းလဲနေသော မြင်ကွင်းအဖုံဖုံကို ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌လည်း လေ့လာတွေ့ရှိခဲ့ရသည်။ ရေဆင်းဆည်၊ ငလိုက်ဆည်နှင့် ပေါင်းလောင်းရေလှောင်တမံတို့ကို ဤပြကွက်အတွင်း ကလေးကစားကွင်းများနှင့်အတူ တွဲဖက်တည်ဆောက်ထား၍ လာရောက်လေ့လာကြသော ပြည်သူများ အပန်းဖြေအနားယူရန်ကောင်းသည့် နေရာကောင်းတစ်နေရာဖြစ်သည်။ နေပြည်တော်ပြကွက်တွင် နေပြည်တော်၏ တိုးတက်ပြောင်းလဲလာသော ပြကွင်းပြကွက်များ စက်ခလုတ်နှိပ်၍ ကြည့်ရှုလေ့လာနိုင်သည့် နေပြည်တော် ပုံစံငယ်ပြကွက်ကိုလည်း အော်ရီဂျင်နယ်ဂရု(ပ်)က တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်းပြကွက်

စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ပြကွက်များကို ရွှေတောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည်။ စစ်ကိုင်းတိုင်းပြကွက်အတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် စစ်ကိုင်း

တနင်္သာရီတိုင်းပြကွက်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် တောင်တန်းကြီးများ၊ ကျွန်းစုများဖြင့် သာယာလှပနေသော တနင်္သာရီကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မှာ အံ့သြခြင်းများစွာဖြင့် တွေ့လိုက်ရပါပြီ။

မြိတ်မြို့တစ်ဖက်ကမ်း ပထော် ပထက်တောင်ခြေရှိ လျောင်းတော်မူမြတ်စွာဘုရားကို ဦးစွာ ကြည်ညိုဖွယ်ဖူးတွေ့ရသည်။ ပုလဲကျွန်း၏ မြင်ကွင်းအလှ၊ မောင်းမကန်ကမ်းခြေနှင့် သာယာလှပနေသော ထားဝယ်မြို့ရှုခင်း၊ ဇာတိသွေးဇာတိမာန်ကို နိုးကြားထက်သန်စေသော ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တုနှင့် ဘုရင့်နောင်အငူ၊ ပြီးတော့ ကော့သောင်းမြို့၏ရှုခင်းစသော သဘာဝရှုခင်းများကို ပန်းရစွာ တည်ဆောက်ထားသဖြင့် တစ်ကြိမ်ရောက်ပြီးလျှင် နောက်တစ်ကြိမ် လာရောက်လည်ပတ်လိုကြမည်မှာ အမှန်ပင်ဖြစ်ပါ၏။

ပဲခူးတိုင်းပြကွက်

ထိုမှဆက်လက်၍ ပဲခူးတိုင်းပြကွက်သို့ ဝင်ခဲ့သည်။ ပဲခူးတိုင်းပြကွက်နှင့် နေပြည်တော်ပြကွက်များကို အော်ရီဂျင်နယ်ဂရု(ပ်)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပဲခူးတိုင်းပြကွက်အဝင်တွင် စစ်တောင်းတံတားနှင့် ကမ္ဘောဇသာဒီရွှေနန်းတော်တို့ကို ဦးစွာတွေ့ရပေသည်။ ယင်း၏နောက်တွင် ရွှေမော်ဓောဘုရားနှင့် ရွှေသာလျောင်းဘုရားတို့ကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ထို့အပြင် နဝဒေးတံတား၊ စစ်တောင်းမြစ်၊ ပဲခူးမြို့ရှုခင်း၊ ပဲခူးရိုးမအလှ၊ ရိုးရာအိမ်များကိုလည်း ရှုချင်စဖွယ် တည်ဆောက်ထားသည်။ ပဲခူးတိုင်းပြကွက်တွင် ကလေးကစားကွင်းပါ ထည့်သွင်းတည်ဆောက်ထားသည်။

မန္တလေးတိုင်းပြကွက်

ထိုမှဆက်လက်၍ မန္တလေးတိုင်းပြကွက်သို့လည်း အပြေးအမြန် ဝင်ရောက်ကြည့်ရှုခဲ့သေးသည်။ မန္တလေးတိုင်းပြကွက်များကို ရော်ရွှေဝါဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဤပြကွက်အတွင်း မြနန်းစံကျော်ရွှေနန်းတော်၊ ကျုံးမြို့ရိုး၊ နန်းမြင့်မျှော်စင်၊ သမိုင်းကျောက်စာတိုင်၊ မန္တလေးနန်းတွင်း ပုံစံငယ်ပြကွက်၊ မိတ္ထီလာမြို့၊ မိုးကုတ်မြို့နှင့် မန္တလေးတောင်ပြကွက်များ ပါဝင်သည်။

ပို၍ထင်ရှားသော အဆောက်အအုံများမှာ ဧရာဝတီတံတား(ရတနာပုံ)၊ ပုပ္ပားတောင်ကလပ်၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့အရှေ့တောင်ဘက် ၃၁မိုင်အကွာတွင် တည်ရှိသည်။ ဤရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ် စီမံကိန်းဖြစ်ပြီး တစ်နှစ်ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ် စီမံကိန်းပင်ဖြစ်သည်။

ဤပြကွက်တွင် ရှေးမြန်မာအိမ်ကြီးတစ်လုံးကိုလည်း တွေ့ရသည်။ ယင်းအိမ်ကြီးမှာ ကင်းဝန်မင်းကြီး၏အိမ်ပုံစံအတိုင်း တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ အိမ်ကြီးတွင် ထုပ်၊ လျောက်၊ ဆင့်တို့ကို သံမသုံးဘဲ သစ်သားစို့များဖြင့် ရှေးခေတ်လက်ရာအတိုင်း တည်ဆောက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းပြကွက်

မန္တလေးတိုင်းပြကွက်မှအပြန် ရန်ကုန်တိုင်းပြကွက်သို့ ရောက်ခဲ့သည်။ မြို့တော်ခန်းမနှင့် လွတ်လပ်ရေးကျောက်တိုင်တို့ကို သဘာဝကျကျ တည်ဆောက်ထားသည်။ လွတ်လပ်ရေးကျောက်တိုင်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုကြီး အစွန့်ရှည်ရေး ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကို သက်သေပြနေခြင်းပင်ဖြစ်၏။

ထို့အတူ သစ်လွင်လှပနေသော ရန်ကုန်မြို့တော်ခန်းမကြီးမှာလည်း ၁၉၈၈ခုနှစ်နောက်ပိုင်း တိုးတက်ပြောင်းလဲလာနေသော ရန်ကုန်မြို့ကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့ကြီးသည် တစ်ချိန်ကနှင့်မတူတော့ အဘက်ဘက်မှ တိုးတက်ပြောင်းလဲခဲ့ပေပြီ။ မြို့တွင်း၌ မိုးမျှော်တိုက်တာများ တိုးတက်များပြားလာသကဲ့သို့ ဆင်ခြေဖုံးရပ်ကွက်များမှာလည်း လမ်းများ၊ နေအိမ်တိုက်တာများ အံ့မခန်းတိုးတက်နေသည်ကို အောက်မေ့မိသည်။ ဤသို့ တိုးတက်ပြောင်းလဲနေခြင်းမှာလည်း တည်ငြိမ်အေးချမ်းမှု အကျိုးဆက်ပင်ဖြစ်၏။ ရန်ကုန်တိုင်းပြကွက်အတွင်း ပန်းအလှပင်များ စိုက်ပျိုးထားသည်မှာ ကြည်နူးဖွယ်ရာပင်ဖြစ်ပါသည်။ ရန်ကုန်မြို့တော်ခန်းမ၏ အနောက်ဘက်တွင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံစေတီတော်ကို ကြည်နူးဖွယ်ရာ ဖူးတွေ့ရသည်။ ဤရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပွင့်တော်မူပြီးသော ဘုရားလေးဆူ၏ဓာတ်တော်များ ကိန်းအောင်းရာ စေတီတော်ကြီးပင်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁

တပ်မတော် အစိုးရလက်ထက် ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဆည်တမံအစုအဖွဲ့များ ရာချီတည်ဆောက်ပေးခဲ့ရာ နေပြည်တော်ပျဉ်းမနားအနီး၌ စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်မည့် ပေါင်းလောင်းဘက်စုံ ရေလှောင်တမံကြီးကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ခံ့ခံ့ထည်ထည် တည်ဆောက်ပြသထားသည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

(မြန်မာ့အလင်း)



11-2 (07).pmd 1 2/11/2010, 2:32 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ကြရမည့် နိုင်ငံတော်သစ်ဆီသို့

ကိုသာယာ



မိမိတို့မြန်မာနိုင်ငံသည် အတိတ်သမိုင်းတစ်လျှောက် နှစ်ပေါင်းထောင်ချီ၍ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ လက်တွဲရပ်တည်နေထိုင်ခဲ့ကြသဖြင့် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ဂုဏ်ဒြပ်ထည်ဝါ တည်တံ့ခဲ့ပေသည်။ ရှေးဘုရင်များလက်ထက်မှ ယခုအချိန်ထိ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံအေးချမ်းသာယာရေးအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း နယ်ချဲ့တို့၏ သွေးထိုးစည်းရုံးမှု၊ လက်နက်အားကိုး အနိုင်ကျင့်မှု၊ အင်အားဖြင့် ခြိမ်းခြောက်ကျူးကျော်မှုတို့ကြောင့် မဝေးသော အတိတ်တစ်ချိန်က တိုင်းတစ်ပါးလက်အောက်သို့ ကိုလိုနီအဖြစ် ကျရောက်ခဲ့ရသည်မှာ တစ်ခါဆိုဆိုသလောက် ခါးသီးရင်နင့်စွာ ခံစားခဲ့ကြရပြီး ဖြစ်လေသည်။ နိုင်ငံအမွေအနှစ် အရင်းအမြစ်မြောက်မြားစွာ ဆုံးရှုံးခဲ့ပြီး မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည်လည်း ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့ပေးခဲ့သည့် ဆိုးမွေများကြောင့် ယခုထက်တိုင် ပြည်တွင်းဆူပူသောင်းကျန်းမှုဒဏ်ကို ခံစားနေကြရဆဲဖြစ်သည်။ ပြည်ထောင်စုပြိုကွဲရေးပယောဂဆိုးတို့ကို ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုစည်း၍ သမိုင်းအစဉ်အဆက် အေးအတူ ပူအမျှ နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ စိတ်ဓာတ်နှင့်ခွန်အားသည် နိုင်ငံ၏အားဖြစ်သည်။ ခေတ်အဆက်ဆက် စည်းလုံးညီညွတ်သော ပြည်ထောင်စုအဖြစ် ထာဝစဉ် ရပ်တည်နိုင်အောင် ကြိုးစားတည်ဆောက်ခဲ့ရသည်မှာ လွယ်ကူသည့် ဖြစ်စဉ်မဟုတ်ခဲ့ပါ။ ပြည်တွင်းပြည်ပ အဖျက်အမှောင့်အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်တွန်းလှန်၍ ခက်ခက်ခဲခဲ တည်ဆောက်လာနိုင်ခဲ့ကြသဖြင့် ယနေ့ လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါခိုင်မြဲစွာ ရပ်တည်နေနိုင်ခြင်းဖြစ်ပါသည်။

အတိတ်သမိုင်း၏ ခါးသီးရင်နင့်ဖွယ် အတွေ့အကြုံများသည် အနာဂတ်အတွက် ယူရမည့် သင်ခန်းစာများဖြစ်သည်။ ထိုကဲ့သို့ အဖြစ်ဆိုးများ ထပ်မံမကြုံတွေ့ကြရအောင် တားဆီးကာကွယ်ရေးသည် အရေးအကြီးဆုံးသော အမျိုးသားရေးတာဝန်ကြီးတစ်ရပ်လည်း ဖြစ်ပေသည်။ ယနေ့ကမ္ဘာကြီး၌ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ဦးတည်နေကြသော်လည်း လက်တွေ့တွင်မူ ကြီးနိုင်ငယ်ညှဉ်းလုပ်ရပ်များ၊ ကျူးကျော်ရန်စမှုများ၊ ဝင်ရောက်စွက်ဖက်မှုများ၊ အင်အားသုံး အနိုင်ကျင့်မှုများ ရှိနေဆဲဖြစ်သည်မှာ မငြင်းနိုင်ပေ။ အထူးသဖြင့် အင်အားကြီးနိုင်ငံကြီးများသည် ဖွံ့ဖြိုးတိုးတက်စနိုင်ငံငယ်လေးများအပေါ် ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရေး၊ ဗိုလ်ကျစိုးမိုးနိုင်ရေး လုပ်ဆောင်နေကြသည်ကို ယနေ့ ကမ္ဘာ့ဖြစ်ရပ်များက သက်သေပြလျက်ရှိပေသည်။

မိမိတို့မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် နှစ်ပေါင်း(၁၀၀)ကျော် ကျရောက်ခဲ့ပြီးနောက် တိုင်းရင်းသားပြည်သူလူထု၏ အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ကာ လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရသည်။ လွတ်လပ်ရေးရပြီးသော်လည်း နယ်ချဲ့တို့၏ သွေးခွဲမှုအမွေဆိုးကြောင့် စည်းလုံးညီညွတ်မှုမရှိခဲ့ဘဲ လက်နက်ကိုင်သောင်းကျန်းမှုမျိုးစုံဖြင့် ပြန်လည်စတင်ခဲ့ရသည်။ ဆူပူသောင်းကျန်းမှုများ ရှိနေခြင်းကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကိုသာ ဦးစားပေး တည်ဆောက်ခဲ့ရသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်ခဲ့ပေ။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု သက်ဆိုးရှည်ခဲ့သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အလှမ်းဝေးခဲ့ပြီး နိုင်ငံ၏စီးပွားရေး ကျဆင်းလာခဲ့ရပေသည်။

ထို့ပြင် မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ် ပေါကြွယ်ဝပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျနေသဖြင့် ပြည်ပအင်အားကြီးနိုင်ငံများ မျက်စိကျစရာဖြစ်နေသည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံကို လွှမ်းမိုးခြယ်လှယ်နိုင်ရန်၊ ကြိုးကိုင်အုပ်စိုးနိုင်ရန် အတိတ်သမိုင်းတစ်လျှောက်လုံး ဆောင်ရွက်ခဲ့ကြသည်။ ယနေ့လည်း ဆောင်ရွက်နေဆဲဖြစ်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာနေလျှင်၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲနေနိုင်လျှင် နိုင်ငံမပြိုကွဲ မပျက်စီးနိုင်ပေ။ ထို့ကြောင့် ယနေ့အခါ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အင်အားစုများက တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရန်နှင့် တပ်မတော်နှင့် ပြည်သူအကြား အထင်အမြင်လွဲမှားမှုများ ဖြစ်လာစေရန် နည်းမျိုးစုံဖြင့် သွေးခွဲသပ်လျှို လုပ်ဆောင်လာကြသည်မှာ တိုင်းရင်းသားပြည်သူအားလုံး သတိထားရမည့် အန္တရာယ်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးစ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပါသေးသည်။ သို့သော်လည်း ပါတီအချင်းချင်း၊ ခေါင်းဆောင်အချင်းချင်း မသင့်မမြတ်နှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့ကြပေ။ မိမိပါတီ၊ မိမိအဖွဲ့အစည်း၊ မိမိခေါင်းဆောင် အာဏာရရှိရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်သူလူထု ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းသက်သေများ အထင်အရှားဖြစ်သည်။ အာဏာရရှိရေးဦးတည်ချက်ဖြင့်သာ လုပ်ဆောင်လာကြသဖြင့် အကွဲကွဲအပြားပြားဖြစ်လာခဲ့ကြပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေကို အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ကြရသည့် အတိတ်သမိုင်းမှာ မေ့ကောင်းစရာမဟုတ်သည့်အပြင် သင်ခန်းစာယူစရာလည်း အမှန်ပင်ဖြစ်ပါသည်။ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ မိမိတို့ကဲ့သို့ ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံအဖို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်သည် အနာဂတ်အတွက် အလွန်အရေးကြီးကြောင်း အတိတ်ဖြစ်စဉ်များက ပြောပြလျက်ရှိသည်။

သမိုင်းကိုပြန်ကြည့်လျှင် တပ်မတော်၏အရေးပါမှုကိုလည်း တွေ့မြင်ရပေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချင်းချင်း မညီမညွတ် တိုက်ကြ ခိုက်ကြ၊ သတ်ကြ ဖြတ်ကြဖြစ်နေပြီး ပြည်တွင်းစစ်မီးတောက်လောင်တော့မည့်အချိန်မျိုး၊ နိုင်ငံတော်မှ ခွဲထွက်ရန်အရေးဆိုပြီး နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေမျိုး၊ အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုခံရတော့မည့် အခြေအနေဆိုးမျိုးနှင့် ကြုံတွေ့လာလေတိုင်း တပ်မတော်ကပင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ နိုင်ငံ့တာဝန်ကို ယူခဲ့ရသည်။ တပ်မတော်သား အမြောက်အမြား အသက်သွေးချွေး ပေးဆပ်ခဲ့ရသည်။ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည် ပြည်တွင်းပြည်ပ အဖျက်အမှောင့် ပယောဂရန်စွယ်များကို တွန်းလှန်ကာကွယ်ရခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရခြင်း စသည့် ခက်ခဲမြင့်မြတ်သောလုပ်ငန်းများကို မနားမနေ ဆောင်ရွက်ခဲ့သည်မှာ အမှန်တရားများပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုသည်ကို နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိလျှင် မည်ကဲ့သို့ လုပ်ဆောင်၍ရပါမည်နည်း။ လုပ်သမျှဖျက်ခဲ့ကြသည့် အဖျက်သမားရှိခဲ့၊ ရှိနေဆဲဖြစ်ကြောင်း အားလုံးအသိပင်။ ယနေ့အချိန်ထိ အဖျက်အမှောင့်သောင်းကျန်းသူများ၏ ဗုံးခွဲတိုက်ခိုက်မှု၊ မီးရထားလမ်း၊ လမ်းတံတား၊ တာဝါတိုင်များ၊ စက်ရုံ အလုပ်ရုံများ၊ လူစည်ကားရာ နေရာများတွင် ဖောက်ခွဲဖျက်ဆီးနေခြင်းများသည် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် အတားအဆီး၊ အနှောင့်အယှက်များပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း လက်ရှိတပ်မတော်က တာဝန်ယူခဲ့ရသည့် ကာလများအတွင်း အဘက်ဘက်က ယိုယွင်းပျက်စီးနေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ အချိန်ယူ ကြိုးပမ်းတည်ဆောက်ခဲ့သည်။ ခိုင်မာသော အခြေခံအုတ်မြစ်များကို ဖန်တီးခဲ့ရသည်။ အခက်အခဲ အဖျက်အမှောင့် အမျိုးမျိုးကြားမှ ကြိုးစားလုပ်ဆောင်နိုင်ခဲ့သည်မှာ ငြင်းစရာမရှိပါ။ တကယ်တော့နိုင်ငံကို လက်ရှိအခြေအနေလောက် ရောက်အောင်လုပ်ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်လှပါသည်။ အစိုးရလုပ်သမျှ အကောင်းမမြင်သည့် အဖွဲ့များကလည်း အမျိုးသားအကျိုးစီးပွားဟူသောအမြင်ဖြင့် မကြည့်နိုင်ကြဘဲ အရာရာကိုပျက်အောင် ဖျက်ချင်သည့် အရင်းခံဖြင့်သာ လုပ်ခဲ့ကြသည်မှာ လက်တွေ့ပင်ဖြစ်သည်။ နိုင်ငံအေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှု မရှိသလောက်ပင်။ အမျိုးသားအကျိုးစီးပွားကို မျက်ကွယ်ပြုပြီး ၎င်းတို့ အာဏာရရှိရေးကိုသာ ဦးတည်၍ တစိုက်မတ်မတ် လုပ်ဆောင်နေကြသည်ကို တွေ့ရပေသည်။

သို့သော်လည်း တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီး အခြေခံကောင်းများ အတိုင်းအတာတစ်ခုအထိ ပြည့်စုံလာသည့်အခါ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရန် ရည်မှန်းချက်အတိအကျဖြင့် မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် လက်ရှိအခြေအနေသည် နိုင်ငံတော်ရှေ့ခရီးအတွက် အလွန်အရေးကြီးသည့်အချိန်အခါ ဖြစ်နေပေသည်။ ဒီမိုကရေစီ နိုင်ငံတော်သစ်ခရီးအစကို လှမ်းရန် ပြင်ဆင်နေပြီဖြစ်ရာ မိမိတို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် တစည်းတလုံးတည်း တက်ညီလက်ညီ လှမ်းချီရမည့်အချိန်ဖြစ်နေသည်။ စည်းလုံးညီညာမှုဖြင့် နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမည့်အချိန်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သာယာလှပသော နိုင်ငံ့အနာဂတ်ကို ဖန်တီးကြရမည့်အခါလည်း ဖြစ်နေပေသည်။

တစ်ဖက်ကလည်း အဖျက်အမှောင့်သမားများက ထိုခရီးကို မပျက်ပျက်အောင် ဖျက်နေကြသည်။ မည်သူတွေက မည်သည့်အကျိုးအတွက် လုပ်နေကြသည်ကို တွေးခေါ်သုံးသပ် ဆောင်ရွက်ကြရန် လိုအပ်သည်ဟု ထင်မိပါသည်။ မိမိတို့နိုင်ငံ၏ ကောင်းရာကောင်းကျိုးကို မလိုလားဘဲ ၎င်းတို့အလိုကျ ဖြစ်စေရန် တီးကွက်ဖော် ကကြိုးဆင်နေကြသည့် နောက်ကွယ်မှ ပြည်ပနိုင်ငံကြီးများ၏ ကြိုးကိုင်ခြယ်လှယ်မှုကို သတိထားရှောင်ရှားကြရန် အလွန်အရေးကြီးပေသည်။ အလိုလိုက်အကြိုက်ပေးပြီး ချီးမြှင့်မြှောက်ပင့်မှုနည်းမျိုးစုံ၊ ခြိမ်းခြောက်အကျပ်ကိုင်မှု အသွယ်သွယ်တို့ဖြင့် ပြည်တွင်းရေးကို ၎င်းတို့စိတ်ကြိုက် ခြယ်လှယ်နိုင်မည့် အခွင့်အရေး ဖန်တီးနေကြခြင်းကို သတိတရားဖြင့် ကြည့်ရှုရှောင်ရှားနိုင်ရေးသည် နိုင်ငံ့အနာဂတ်အတွက် အရေးကြီးလှပါသည်။

မကြာမီကာလတွင် ဒီမိုကရေစီ၏ ခြေလှမ်းအစဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် ရည်မှန်းချက်ပန်းတိုင်မှ သွေဖည်မသွားရေး သတိတရားရှိကြရမည့်အချိန် ဖြစ်နေပါသည်။ ယနေ့ မိမိတို့နိုင်ငံအပေါ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ပိတ်ဆို့ခြင်းအမျိုးမျိုးဖြင့် ဘေးတီးလှုံ့ဆော်စွက်ဖက်နေသူများ၏ စိတ်ရင်းအမှန်ကို သုံးသပ်နိုင်ရန် အရေးကြီးပါသည်။ အလားတူ ၎င်းတို့ လက်သပ်မွေးထားသူ၊ မြှောက်ပင့်ပေးထားသူများ၏ လုပ်ရပ်များမှာလည်း သတိထားစရာပင်ဖြစ်သည်။ မည်သူတွေက မည်သည့်အကျိုး မျှော်ကိုးလုပ်ဆောင်နေကြသည်ကို ပကတိ အရှိတရားများဖြင့် စဉ်းစားသုံးသပ် ဆုံးဖြတ်ရမည်သာဖြစ်သည်။ အရေးကြီးဆုံးမှာ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အမှန်လုပ်ကိုင်ဆောင်ရွက်ကြမည့်၊ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ကြမည့်သူများကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်ပင် ဖြစ်သည်။

အဖျက်အမှောင့် အန္တရာယ်အသွယ်သွယ်မှ တားဆီးကာကွယ်နိုင်မည့်အင်အားသည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပင်ဖြစ်သည်။ လက်ချောင်းလေးများ ပေါင်းစည်းဆုပ်ကိုင်မိမှသာ အင်အားပြည့်ဝသော လက်သီးဖြစ်လာနိုင်သကဲ့သို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး ပေါင်းစည်းညီညွတ်ခြင်းသည်သာ တိုင်းပြည်၏ အင်အားအမှန် ဖြစ်သည်။ တစ်ဖက်ဖက်ကလျော့နည်း အားပျော့လာလျှင် တိုင်းပြည်၏ အင်အားလျော့နည်းမည်သာ ဖြစ်သည်။ တစ်စစီ ဆွဲထုတ်၊ တစ်ဖဲ့စီ ဖဲ့ယူခြင်းဖြင့် ဝါးအစည်းပြေသကဲ့သို့ အင်အားချည့်နဲ့မည့်အဖြစ်မျိုးကို ယနေ့သင်ခန်းစာယူကြရမည်။ ယနေ့ ကမ္ဘာ့နိုင်ငံအများအပြား၌ တွေ့ကြုံနေသည့် ဘေးဒုက္ခဆိုးကျိုးများမှာ ထင်ရှားသည့်သာဓကများပင် ဖြစ်ပါသည်။ ပေါင်းစည်းနေလျှင် အင်အားရှိမည်။ ပြေလျော့သွားလျှင် ချည့်နဲ့မည်သာ ဖြစ်သည်။ စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် တိုင်းပြည် ပြိုကွဲပြီး အနာဂတ်ပျောက်သွားမည်သာဖြစ်သည်။

ထို့ကြောင့်လည်း ဒီမိုကရေစီခရီးပျက်စီးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားရေး၊ မတည်မငြိမ်ဖြစ်ရေးတို့ကို ပြည်တွင်းပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များက ဘက်ပေါင်းစုံမှ လုပ်ဆောင်နေကြသည်။ ပြည်သူလူထုအကြား မညီညွတ်အောင်၊ သွေးကွဲအောင် လှုံ့ဆော်သွေးထိုးမှုများ ရှိနေကြသည်။ ထို့ပြင် တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုမှုများလည်း ရှိနေပြန်သည်။ နောက်ဆုံးတွင် တပ်မတော်ပြိုကွဲရေးကို နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်၊ လုပ်ကြံဖန်တီးမှုများပင် လုပ်နေကြသည်ကို တွေ့နိုင်ပေသည်။ တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးသည့် ကာကွယ်ရေးအင်အားပင်ဖြစ်သည်။ **တပ်မတော်သည် နိုင်ငံတော်အတွက် အန္တရာယ်မျိုးစုံကို ရှေ့ဆုံးမှကာကွယ် စောင့်ရှောက်ပေးနေသည့် ခံတပ်ကြီးဖြစ်သည်။ တပ်မတော်အင်အား ချည့်နဲ့ပြိုကွဲလျှင် ထိုအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိတော့မည်မဟုတ်ဘဲ နိုင်ငံတော်ပြိုကွဲပျက်စီးမည့်လမ်းစကို ဖန်တီးသကဲ့သို့ဖြစ်သွားမည်မှာ အထူးသတိထားစရာပင်ဖြစ်သည်။ အချို့က အပေါ်ယံကြည့်ပြီး နက်နက်နဲနဲမတွေးခေါ်ဘဲ မလို မုန်းထားစိတ်ဖြင့် တပ်မတော်အပေါ် အပြစ်တင်၊ ဥပေက္ခာပြု လျစ်လျူရှုနေကြပြီး တပ်မတော်၏ကဏ္ဍကို မှေးမှိန်အောင်လုပ်နေကြသည်။ အမှန်တကယ်တွင်မူ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်မှာ အမှန်ပင်ဖြစ်သည်။ တပ်မတော်ပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲနိုင်မည့် အန္တရာယ်များ ကြုံတွေ့လာရမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်ပြိုကွဲရေးကို ဆောင်ရွက်နေကြသူများသည် နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို သစ္စာဖောက်နေကြသူများသာဖြစ်သည်ဟု ဆိုချင်ပါသည်။**

မည်သည့်နိုင်ငံတွင်မဆို ပြည်တွင်းရေးပြဿနာမှာ အနည်းနှင့်အများ ရှိကြစမြဲဖြစ်ပါသည်။ အချို့မှာ ကိုယ့်နိုင်ငံပြည်တွင်းရေးကို ပြည်တွင်းအား

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

နှင့်ပင် ဖြေရှင်းနိုင်ကြသကဲ့သို့ အချို့မှာ ပြည်ပက ဝင်ရောက်ဖြေရှင်းဆောင်ရွက်နေရခြင်းများလည်းရှိနေသည်ကို တွေ့ရပေသည်။ ပြည်ပဝင်ရောက်စွက်ဖက်မှုများကြောင့် ပြည်သူလူထု ဒုက္ခရောက်ကြရသည့် အဖြစ်အပျက်များမှာ ယနေ့ ကမ္ဘာကြီးတွင် အများအပြား ရှိနေပေသည်။ မိမိပြည်တွင်းရေးကို မိမိတို့ဘာသာ ဖြေရှင်းနိုင်ခြင်းသည် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးနည်းလမ်း ဖြစ်ပေလိမ့်မည်။ ထိုသို့ ဖြေရှင်းနိုင်အောင်လည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ရပ်တည်တွေးခေါ် လုပ်ဆောင်သင့်ပေသည်။ အားလုံး ရာခိုင်နှုန်းပြည့် နှစ်ခြိုက်သဘောကျ လက်မခံနိုင်သည့်တိုင် အများစုက သဘောတူလက်ခံသည့်အတိုင်း လိုက်နာလုပ်ဆောင်ခြင်းသည် ဒီမိုကရေစီအခြေခံသဘောနှင့် ကိုက်ညီပြီး နိုင်ငံကို တိုးတက်မှုလမ်းကြောင်းပေါ် ရောက်စေမည်မှာ မလွဲဧကန်ဖြစ်မည်ဟု ယုံကြည်ရပေသည်။ ဖြစ်သင့်ဖြစ်ထိုက်သည့် အခြေခံမှစပြီး ပိုမိုကောင်းမွန်သော အခြေအနေကို ရအောင်ယူ၍ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားပြုပြင် တည်ဆောက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို သာယာလှပအောင် ဖန်တီးခြင်းသည် ယနေ့ မိမိတို့ အလုပ်သင့်ဆုံးသော အလုပ်ဖြစ်နေပေသည်။

ထို့ကြောင့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဦးတည်ချက်(၅)ရပ်နှင့်အညီ မိမိတို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပြည်တွင်းပြည်ပ အဖျက်အမှောင့်များကို တွန်းလှန်ကာကွယ်၍ အနာဂတ်အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ တက်ညီလက်ညီ၊ မဆုတ်မနစ် တက်လှမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မကြာမီကာလတွင် ဒီမိုကရေစီ၏ ခြေလှမ်းအစဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် ရည်မှန်းချက်ပန်းတိုင်မှ သွေဖည်မသွားရေး သတိတရားရှိကြရမည့်အချိန်ဖြစ်၏။ ယနေ့ မိမိတို့နိုင်ငံအပေါ် ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ပိတ်ဆို့ခြင်းအမျိုးမျိုးဖြင့် ဘေးတီး လှုံ့ဆော် စွက်ဖက်နေသူများ၏ စိတ်ရင်းအမှန်ကို သုံးသပ်နိုင်ရန် အရေးကြီး၏။ အလားတူ ၄င်းတို့ လက်သပ်မွေးထားသူ၊ မြှောက်ပင့်ပေးထားသူများ၏ လုပ်ရပ်များမှာလည်း သတိထားစရာပင်ဖြစ်၏။ မည်သူတွေက မည်သည့်အကျိုး မျှော်ကိုးလုပ်ဆောင်နေကြသည်ကို ပကတိ အရှိတရားများဖြင့် စဉ်းစားသုံးသပ် ဆုံးဖြတ်ရမည်။ အရေးကြီးဆုံးမှာ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အမှန်လုပ်ကိုင် ဆောင်ရွက်ကြမည့်၊ အမျိုးသား အကျိုးစီးပွားကို ဖော်ဆောင်နိုင်ကြမည့်သူများကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်ပင်ဖြစ်၏။

ပင်လုံမျိုးစေ့

☆ နှင်းမှုန်ရီဝါး၊ အတိတ်ကားဝယ်
ခိုနားရိပ်မြုံ၊ မြို့"ပင်လုံ"တည့်
ပေါင်းဆုံလက်တွဲ၊ သွေးစည်းပွဲသည်
ရဲဖွဲ့ထက်သန် သိမ့်သိမ့်လျှံ။
နိုးကြားအားမာန် တပ်လှန့်သံ။

☆ နှင်းမြူခြုံခိုက်
ပင်လုံကတိ၊ သွေးအသိဖြင့်
မရှိအတူ၊ ရှိအတူတည့်
အေးတူပူမျှ၊ ဖေးကူ မ, ခဲ့
ပြည်မပြည်နယ်၊ ပေါင်းစည်းသွယ်လျက်
နယ်ချဲ့ဖျက်ရန်၊ တွန်းတော်လှန်ခဲ့
အောင်သံကျူးရင့် သတ္တိနှင့်။
အောင်လံမြူးလွင့် ကြွားကြွားဝင့်။

☆ နှင်းငွေ့ဆမ်းခိုက်
အေးချမ်းပေါင်းဆုံ၊ နိမိတ်ပုံဖြင့်
မာန်ဟုန်ဖြိုးဖြိုး၊ သွေးချင်းနှီးခဲ့
ဆိုးတူကောင်းဖက်၊ ခံယူချက်သည်
စဉ်ဆက်မြဲခိုင်၊ အပြုံးလှိုင်၏
နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်လွှမ်း။
အောင်ပွဲလက်ကမ်း တစ်စိတ်ဝမ်း။

☆ ပင်လုံမျိုးစေ့၊ နှလုံးမွေ့လျက်
ယနေ့မှသည်၊ နောင်အရှည်ထိ
တည်တံ့ထက်သန်၊ အောင်ပွဲခံလော့....
အားမာန်ပေါင်းစည်း၊ သွေးချင်းနီးလော့....
ခရီးရှေ့ဆက်၊ ညီညီတက်လော့....
နက်ဖြန်အရဏ်၊ မြန်မာ့ဂုဏ်သည်
ပင်လုံသွေးဖြင့် တင့်စေသတည်း။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

ဇော်မင်းမင်းဦး

သွေးစည်းသက်သေ ပင်လုံမြေ

➢ မိုးထက်အောင်လံ၊ လွင့်ကာပျံ၍
နိုင်ငံပြည်လုံး၊ ဒို့စည်းရုံးလျက်
ပြုံးပန်းဝင့်ထည်၊ လက်တွဲညီခဲ့
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
နိုးကြားလျက်သာ၊ သွေးစည်းကာဖြင့်
ညီညာအများ၊ စုပေါင်းအားနှင့်
လေးစားချစ်ကြည်၊ အားမာန်ချီ၍
ရွှေပြည်သာယာ၊ နှောင်ကြိုးကွာစေ
ပေါ်လာသည့်ခေတ်၊ သမိုင်းသစ်၌
တွင်ရစ်မော်ကွန်း၊ ဖြစ်တည်ထွန်းအောင်
ရည်ညွှန်းစိတ်ထား၊ တူကြိုးစား၍
ဝင့်ကြွားဟန်ချီ၊ အောင်တေးသီကာ
မြန်ပြည်လွတ်မြောက်၊ ထိပ်တန်းရောက်အောင်
မဖောက်သစ္စာ၊ တည်ခဲ့ပါသည်
မြန်မာတို့၏ မော်ကွန်းတည်း။

➢ မြန်မာ့မော်ကွန်း၊ ခေတ်ပေါ်ထွန်းချိန်
နေဝန်းရောင်ခြည်၊ ထွက်ပေါ်ပြီမို့
ညီညွတ်မှုပေါ်၊ ကောင်ထည်ဖော်ရန်
ဖေဖော်ဝါရီ၊ ဆယ့်နှစ်ဆီ၌
ရာသီဆောင်းမိုး၊ နှင်းပေါက်ဖြိုးသား
တစ်ကိုးလေးခွန်၊ အားထည့်သွန်ကာ
မွန်မြတ်ဌာနေ၊ ပင်လုံမြေတွင်
ရေမြေမခြား၊ တိုင်းရင်းသားတို့
အားရစရာ၊ ညီညွတ်စွာဖြင့်
မြန်မာပြည်ရေး၊ လွတ်လပ်ရေးကို
မနှေးအမြန်၊ ရရှိရန်တွက်
ပြန်လှန်သုံးသပ်၊ တူဆုံးဖြတ်ပြီး
လက်မှတ်ရေးထိုး၊ ဒို့အမျိုးတွက်
ကြိုးစားရှက်ဆောင်၊ တိုင်းမြန်ဘောင်ဝယ်
ပြည်ထောင်စုနေ့၊ ရက်မြတ်နေ့ကို
ယနေ့ထက်တိုင်၊ မမေ့နိုင်ဘဲ
တူပြိုင်ရွှန်းလဲ့၊ ကျင်းပခဲ့သည်
ခြောက်ဆယ့်သုံးနှစ်၊ တိုင်ခဲ့ပြီ။
ပြည်ထောင်စုကြီး၊ ခိုင်မြဲသည်။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက် -

နှင်းမောင်(ဇီးကုန်း)

စာမျက်နှာ ၇ မှ

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်း ရွှေတိဂုံစေတီတော်ကြီး ထည့်သွင်းတည်ထားကိုးကွယ်ခြင်းမှာ လာရောက်လည်ပတ်သူ ပြည်သူများအနေဖြင့် ခရီးသွားအပန်းဖြေရုံသာမက ကုသိုလ်ထူးများပါ ရရှိစေမည်မှာ အမှန်ပင်ဖြစ်သည်။

ရောဝတီတိုင်းပြကွက်

ရောဝတီတိုင်းပြကွက်တွင် မော်တင်စွန်းဘုရား၊ မော်တင်စွန်းရေကန်၊ ငွေဆောင်ကမ်းခြေ၊ ဝေန်မြစ်ကူးတံတား၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ် Food Shop တို့ကို တည်ဆောက်ထားသည်မှာ သာယာရှုမောဖွယ်ဖြစ်သည်။

မော်တင်စွန်းနှင့် မော်တင်စွန်းရေကန်တို့သည် ပုသိမ်မြို့ အနောက်တောင်ဘက် ဟိုင်းကြီးကျွန်းဒေသ၌ တည်ရှိသည်။ ကုန်းလမ်းနှင့် ရေလမ်းတို့ဖြင့် သွားရောက်ရသော မော်တင်စွန်းဘုရားကို ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်း ထည့်သွင်းကိုးကွယ်ထားသည်မှာ လာရောက်ကြသော ပြည်သူများအဖို့ ကုသိုလ်ထူးရရှိစေရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် ဤပြကွက်အတွင်း ငွေဆောင်ကမ်းခြေကိုလည်း ထည့်သွင်းတည်ဆောက်ထားသဖြင့် ခရီးသွားပြည်သူများအတွက် အပန်းပြေစေနိုင်မည်မှာ အမှန်ပင်ဖြစ်ပါ၏။ ရောဝတီတိုင်းပြကွက်အတွင်း ဝေန်မြစ်ကူးတံတားနှင့် ဗိုလ်မြတ်ထွန်းတံတားတို့ကို ထည့်သွင်းတည်ဆောက် ပြသထားသည်မှာလည်း နိုင်ငံတော်အစိုးရလက်ထက် ရောဝတီတိုင်းအတွင်း သွားလာရေး လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို အထင်အရှား ဖော်ပြနေခြင်းပင်ဖြစ်သည်။ ရောဝတီတိုင်းသည် နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသော်လည်း နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ ဝိုင်းဝန်းဖြည့်ဆည်းပေးခဲ့မှုကြောင့် ယခုအခါ မူလအခြေအနေများထက် သာလွန်ကောင်းမွန်သော လူမှုဘဝကို ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်သည်။ ရောဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီအဖြစ်သာမက ဆားအိုးကြီးအဖြစ်လည်း ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို သတင်းအဖွဲ့ လာရောက်လေ့လာသည်မှာ တိုင်းအလီလီ၊ ပြည်နယ်အဖုံဖုံစုံသွားလေပြီ။ ဒေသတစ်ခုချင်းစီ၏ အထိမ်းအမှတ်များ၊ ထိုဒေသများ၏ တိုးတက်ပြောင်းလဲနေပုံများကို လေ့လာတွေ့ရှိခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လေ့လာသူများအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အထိမ်းအမှတ် အဆောက်အအုံများနှင့် တပ်မတော်အစိုးရလက်ထက် ပြည်နယ်နှင့်တိုင်းအသီးသီး၏ တိုးတက်ပြောင်းလဲနေသော မြင်ကွင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်သည်။

ဤသို့ဖြင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားတို့သည် ရှေးပဝေသဏီကတည်းက စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ခြင်းကိုလည်း ထင်ဟပ်ဖော်ပြနေပေသည်။ ထို့ကြောင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ပြနေခြင်းဖြစ်၍ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေကာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမှာ ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုဒိုင်းကြီး မန္တလေးတိုင်းအသင်း ရယူ ...

ပြည်ထောင်စုဒိုင်းကြီး မန်းတောင်ရိပ်ခိုပြီ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

ပုသိမ် ဖေဖော်ဝါရီ ၁၀

၂၀၁၀ ခုနှစ် (၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၉ရက် ညနေ ၃နာရီက ရောဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

(၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၈ရက်က စတင်ကျင်းပပြီး အသင်း ၁၆သင်းပါဝင်ယှဉ်ပြိုင်ကာ ပုသိမ်ဇုန်၊ဟင်္သာတဇုန်၊မအူပင်ဇုန်နှင့် မြောင်းမြဇုန်ဟူ၍ ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲသည် မြန်မာနိုင်ငံ၌ ပြည်သူလူထု၏ စိတ်ဝင်စားမှုနှင့် အားပေးမှုများစွာရရှိသည့် ပြိုင်ပွဲကြီးဖြစ်သည်။ ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲများမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများလည်း အများအပြား ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။

မန္တလေးတိုင်း နှစ်ဂိုး - စစ်ကိုင်းတိုင်း တစ်ဂိုး

ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဖြင့် ဗိုလ်လုပွဲသို့တက်ရောက်လာသည့် မန္တလေးတိုင်းအသင်းမှာ ယခုဗိုလ်လုပွဲတွင်လည်း ထပ်မံခြေစွမ်းပြပြီး ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးရရှိသွားသည်။ မန္တလေးတိုင်းအသင်းမှာ ပြည်ထောင်စုဒိုင်းကြီးကို ပူးတွဲလေးကြိမ်အပါအဝင် (၂၃)ကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းအသင်းမှာ ပြည်ထောင်စုဒိုင်းကြီးကို ပထမဦးဆုံးရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ဒုတိယနေရာဖြင့်သာ စတုတ္ထအကြိမ်မြောက် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အနိုင်ဂိုးသွင်းယူ

နှစ်သင်းစလုံး ပွဲစကတည်းက အားကုန်ထုတ်ကစားခဲ့ကြပြီး ပွဲမှာအပြန်အလှန်ရှိလာခဲ့သည်။ ကစားပုံပိုကောင်းသော မန္တလေးတိုင်းအသင်း ပိုဖိကစားလာနိုင်သော်လည်း ဂိုးမသွင်းနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားအားတင်လာကြပြီး မိနစ် ၇၀တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မင်းချစ်သူက စစ်ကိုင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ မန္တလေးမှာ ချေပဂိုးရရှိရန် ကစားအားတင်လာသလို စစ်ကိုင်းကလည်း ဂိုးမပေးရရန် ခံစစ်အသားပေး ကစားလာသည်။ ၈၃မိနစ်တွင် မန္တလေးအသင်း ချေပဂိုးရသွားပြီး ထောင့်ကန်ဘောမှတစ်ဆင့် ဇော်လင်းအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး မန္တလေးအတွက် အနိုင်ဂိုးကို ၉၇မိနစ်တွင် အသင်းခေါင်းဆောင် သက်နိုင်က သွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရ ရောဝတီတိုင်းအသင်း၊ တတိယဆုရ မကွေးတိုင်းအသင်းနှင့် ဒုတိယဆုရ စစ်ကိုင်းတိုင်းအသင်းတို့အားလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရ သက်နိုင်(မန္တလေးတိုင်း)၊ အကောင်းဆုံး ဂိုးသမားဆုရ အောင်ငွေဖြိုး(မကွေးတိုင်း)၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆုရ သက်နွေအေး(စစ်ကိုင်းတိုင်း)၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရ ကျော်ကိုကိုအောင် (ရောဝတီတိုင်း)နှင့် အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရ အောင်စိုးမိုး(စစ်ကိုင်းတိုင်း)တို့အား လည်းကောင်း တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက(**အပေါ်ဝဲပုံ**) အနိုင်ရဗိုလ်စွဲသွားသော လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းအား ငွေသားဆု၊ ပြည်ထောင်စုဒိုင်းကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။ ။ **(မြန်မာ့အလင်း)**

အကြိုတ်အနယ်

၂၀၁၀ခုနှစ် (၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရောဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့အားကစားကွင်း၌ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ဖေဖော်ဝါရီ ၉ရက်က အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ တိုင်းရင်းသားဘာသာ အစီအစဉ်

ထုတ်လွှင့်မှုများ တိုးချဲ့ထုတ်လွှင့်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်မှစ၍ နေပြည်တော်မြန်မာ့အသံ တိုင်းရင်းသားဘာသာအစီအစဉ် ထုတ်လွှင့်မှုများကို တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်သည်။ တိုင်းရင်းသားဘာသာထုတ်လွှင့်မှုများကို လက်ရှိတွင် လှိုင်းတို ၅၀ဒသမ၇၁မီတာ၊ ၅၉၁၅ ကီလိုဟာ့ဇ်နှင့် လှိုင်းလတ် ၄၁၁ဒသမ ၅၂မီတာ၊ ၇၂၉ ကီလိုဟာ့ဇ်တို့မှ နံနက်ပိုင်းတွင် နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိလည်းကောင်း၊ ညနေပိုင်းတွင် မွန်းလွဲ ၂ နာရီမှ ညနေ၆နာရီအထိ ထုတ်လွှင့်နေရာမှ ဖေဖော်ဝါရီ ၁၂ရက် မှစ၍ နံနက်ပိုင်းတွင် နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိလည်းကောင်း၊ ညနေပိုင်းတွင် မွန်းလွဲ ၂နာရီမှ ည၈နာရီအထိလည်းကောင်း နှစ်နာရီ ထပ်မံတိုးချဲ့ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ထုတ်လွှင့်

တိုင်းရင်းသားဘာသာထုတ်လွှင့်မှုများ၌ မူလထုတ်လွှင့်နေသည့် ကယားဘာသာတွင် ကယန်း၊ ဂေခို၊ ဂေဘား ဘာသာများကိုပါ တိုးချဲ့၍လည်းကောင်း၊ မူလထုတ်လွှင့်နေသည့် ချင်းဘာသာတွင် တောင်ပိုင်းချင်းဘာသာဖြစ်သည့် မင်းတပ် ချင်းဘာသာကိုပါ တိုးချဲ့၍လည်းကောင်း၊ မူလထုတ်လွှင့်နေသည့် 'ဝ'ဘာသာတွင် 'ကိုးကန့်'ဘာသာကိုပါ တိုးချဲ့၍လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး နောင်တွင်လည်း ယခုထက်ပိုမို တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဟောပြောပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Waste Treatment and Waste to Energy နှင့် Industrial and Manicipal Waste Treatment, CDM Project Development ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ (လှိုင်မြို့နယ်)တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲတွင် Waste Treatment and Waste to Energy ခေါင်းစဉ်ဖြင့် ဗိုလ်မှူးကြီး သောင်းဝင်း (ငြိမ်း) ဗဟိုကော်မတီဝင်၊ အင်ဂျင်နီယာအသင်းကလည်းကောင်း၊ Industrial and Manicipal Waste Treatment, CDM Project Development ခေါင်းစဉ်ဖြင့် Mr. Vincent Wong Technical Director, Koastal Eco (Myanmar) Co.,Ltd.ကလည်းကောင်းဖတ်ကြားကြမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ကြေးနီသတ္တုတူးဖော်ထုတ်လုပ်မှုနည်းစနစ် နှိုင်းယှဉ်လေ့လာခြင်း စာတမ်းဖတ်ပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူးကျင်းပသော ချီလီနိုင်ငံ အက်စ်ကွန်ဒီဒါးကြေးနီသတ္တုတွင်းနှင့် မြန်မာနိုင်ငံ အမှတ်(၁) ကြေးနီသတ္တုတွင်းတို့၏ ကြေးနီသတ္တုတူးဖော်ထုတ်လုပ်သန့်စင်ခြင်း၊ ထုတ်လုပ်မှုနည်းစနစ်တို့ကို နှိုင်းယှဉ် လေ့လာခြင်း စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်(စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ (လှိုင်မြို့နယ်) တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်မေးမြန်းနိုင်

အဆိုပါစာတမ်းဖတ်ပွဲတွင် ဦးစောလင်း အထွေထွေမန်နေဂျာ(ငြိမ်း) အမှတ်(၁) ကြေးနီသတ္တုတွင်းက ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ ***(သတင်းစဉ်)***

လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များအား အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲသစ်ဆန်းစေလျက် Myanmar International ရုပ်သံလိုင်းအမည်ဖြင့်ထုတ်လွှင့်တင်ဆက်ပေးသွားမည်

ဖေဖော်ဝါရီ ၁၁ရက် (ယနေ့)မှ စတင်၍ အကြိုစမ်းသပ်ထုတ်လွှင့်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ရှိထုတ်လွှင့်လျက်ရှိသော **MRTV-3** အစီအစဉ်များအား အမျိုးသားရေးအဖြစ်မှန်၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေမှန်များကို ကမ္ဘာတစ်ဝန်းလုံးမှ သိရှိစေရန် ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် အမိနိုင်ငံကို အလွမ်းပြေကြည်နူးနှစ်သိမ့်မှုရရှိစေရန် မြန်မာ့အလှ၊ မြန်မာ့သဘာဝနှင့် ပကတိအခြေအနေမှန်များကို နိုင်ငံတကာပရိသတ်များ သိရှိနားလည်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲလျက် **Myanmar International** ရုပ်သံလိုင်းအမည်ဖြင့် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်သည်။ **Myanmar International** အစီအစဉ်များကို အဆင့်နှစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ရက်မှ မတ် ၂၆ရက်အထိ အကြိုစမ်းသပ်ထုတ်လွှင့်မှုအဖြစ် သတ်မှတ်ပြီး မတ်၂၇ရက်မှစတင်၍ ပုံမှန်ထုတ်လွှင့်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုံမှန်ထုတ်လွှင့်မည့် အစီအစဉ်များအတွက် နိုင်ငံတကာအဆင့်မီ တည်းဖြတ်ထုတ်လုပ်ထားသော **Documentary** အစီအစဉ်များ၊ **Current Affairs** အစီအစဉ်များအတွက် နမူနာများ(**Programs Trailers**)၊ **Branding Trailers** များ၊ **Myanmar International** သတင်းအစီအစဉ်တွင် တင်ဆက်သူများဖြင့် ပါဝင်ထမ်းဆောင်မည့် ပြည်ပမှသတင်းတင်ဆက်သူများ (**News Presenters**)၏ နှုတ်ခွန်းဆက်သမှုများကို အကြိုစမ်းသပ်ထုတ်လွှင့်မှု အစီအစဉ်များတွင် **MRTV-3** ပုံမှန်အစီအစဉ်များနှင့်အတူ ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ အစီအစဉ်များ ပုံမှန်ထုတ်လွှင့်ချိန်တွင်မူ နိုင်ငံတကာအဆင့်မီ **Documentary, Current Affairs Programs** များအပြင် သတင်းအစီအစဉ်များကိုပါ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြုစုရေးသားလျက် နိုင်ငံတကာအဆင့်မီ ပြည်ပမှ သတင်းတင်ဆက်သူများက အစီရင်ခံတင်ပြသွားကြမည်ဖြစ်သည်။

Myanmar International ရုပ်သံအစီအစဉ်များကို နိုင်ငံတကာပရိသတ်များအနေဖြင့် ၂၄နာရီ ပတ်လုံး ကြည့်ရှုနိုင်စေရေးအတွက် ကမ္ဘာတစ်ဝန်းလွှမ်းခြုံထုတ်လွှင့်နိုင်ရန် စီစဉ်ထားရှိသည့်အပြင် ပြည်တွင်းပရိသတ်များအတွက်လည်း **MRTV** နံနက်ပိုင်းအစီအစဉ်များအပြီး နံနက် ၉နာရီမှ ၁၁နာရီအထိ ဆက်လက် ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

Myanmar International ရုပ်သံလိုင်းကို ပြည်တွင်းပြည်ပ ရုပ်သံချစ်ပရိသတ်များအားလုံးအတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲသစ်ဆန်းစေလျက် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

<u>**ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**ဖေဖော်ဝါရီ ၁၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရောဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ အများအားဖြင့် သာယာမည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့မှုစစ်ဆေး မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းတွင် သံတွဲလေဆိပ်အဆောက်အအုံသို့ရောက်ရှိရာ လေဆိပ်ခန်းမ၌ တာဝန်ရှိသူများက သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တည်ဆောက်ပြုပြင်မှုလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး ဂရုပြုဆောင်ရွက်ကြရန်မှာကြားပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က အခြေခံပညာကျောင်းများအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်းများနှင့် ကျေးလက်စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်နှင့် သုတရသစာအုပ်များ၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် သံတွဲမြို့နယ် သူငွေးချောင်းပေါ်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆွေးနွေးမှာကြားကာ ရှုရပ်မှတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရေလွှဲဥမင်လိုဏ်၊ ရေယူဥမင်လိုဏ် ဖောက်လုပ်မည့်နေရာနှင့် ပင်မတမံ တည်ဆောက်မည့်နေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ညနေပိုင်းတွင် မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ဆရာမကြီးက သင်ကြားစီမံကိန်းရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးက ဖြည့်စွက်တင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို မှာကြား၍ ကျောင်းသားကျောင်းသူများအား အားပေးစကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မာန်အောင်မြို့ အောင်ဇေယျာခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က အခြေခံပညာ ကျောင်းများအတွက် နေရောင်ခြည် စွမ်းအင်သုံးပစ္စည်းနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်ကျန်းမာရေး ဌာနများအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်နှင့် ဂျာနယ်များကို တာဝန်ရှိသူများထံပေးအပ်ကာ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် (သောကြာနေ့) နံနက် ၇နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားနှင့် နေပြည်တော် မြန်မာ့အသံတို့မှ ယင်းနေ့ နံနက် ၆နာရီ ၄၅မိနစ်မှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်ပွားမှု နောက်ဆက်တွဲသတင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ New Influenza A(H1N1) ပိုးတွေ့ရှိသူ လေးဦးတွေ့ရှိခဲ့ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန အထူးရောဂါနှိမ်နင်းရေးအဖွဲ့သည် ချင်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်းကာ ရောဂါဖြစ်ပွားသည့်ရွာနှင့် ဆက်စပ်လျက်ရှိသော ရွာသုံးရွာသို့ ကွင်းဆင်းခဲ့ရာ နောက်ထပ်ရောဂါလက္ခဏာ တွေ့ရှိသူမရှိကြောင်းနှင့် ရောဂါဖြစ်ပွားသူ လေးဦးလုံး သက်သာလျက်ရှိကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဘော်ဒါဆောင်တစ်ခုတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ပိုးတွေ့သူ ၂၁ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့လူနာနှင့် သံသယလူနာ စုစုပေါင်း ၄၇ဦးအား ဝေဘာဂီအထူးကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးနှင့် သဃ်န်းကျွန်းစံပြ အထွေထွေရောဂါ ကုဆေးရုံကြီးတို့တွင် ကုသပေးလျက်ရှိရာ လူနာများမှာသက်သာလျက်ရှိကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်နိုင်ရန် ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတို့မှ ပညာရှင်များသည် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်တွင် ယမန်နေ့က ရောဂါပိုးတွေ့ရသူ လေးဦးတွေ့ရှိခဲ့သဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်များပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မုလေးပန်းပမာတရားရှာ** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)
- ၆:၅၀ အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ES4E Language & Training Centre(Parents Day)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၈)
- ၈:၃၀ Sports World
- ၈:၅၅ Activities in the City (Seven Diamonds Dragon အလှကုန်ပစ္စည်းမိတ်ဆက်ပွဲ) (အလက-၄၊ မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ)
- ၉:၂၀ **နှလုံးသားလေးများလှစေချင်**
- ၉:၃၅ Style ရှိမှ Star ဖြစ်မယ်
- ၁၀:၂၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ကော်ကြွက်ကွက်ကျော်**
- ၁၁:၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာထွန်းထွန်းလင်းနှင့် တွေ့ဆုံခြင်း)
- ၁၁:၃၀ လှမ်းခဲ့ပါဆွေ မနောမြေ
- ၁၁:၄၀ စိမ့်နေခြည်၏ ခေတ်သစ်မွေးဌာနီ
- ၁၂:၀၅ စိုက်ပျိုးဝေဆာဒို့မြေမှာ (မှိုစိုက်ပျိုးရေးနည်း)
- ၁၂:၂၀ Activities in the City (Seven Diamonds Dragon အလှကုန်ပစ္စည်းမိတ်ဆက်ပွဲ) (အလက-၄၊ မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ)
- ၁၂:၅၀ **နှလုံးသားလေးများလှစေချင်**
- ၁:၀၀ **မုလေးပန်းပမာတရားရှာ** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival Duet ကမ်းခြေ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၈)
- ၄:၀၅ စိမ့်နေခြည်၏ ခေတ်သစ်မွေးဌာနီ
- ၄:၂၅ ပြည်ထောင်စုတေးအစီအစဉ်
- ၄:၄၀ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် တည်ငြိမ်အေးချမ်း ပျော်ရွှင်ခြင်းနှင့် အတူ···
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ အနုပညာမိုးကောင်းကင်
- ၆:၅၀ စိုက်ပျိုးဝေဆာတို့မြေမှာ (မှိုစိုက်ပျိုးရေးနည်း)
- ၇:၀၅ Fashion Music Festival Duet ကမ်းခြေ
- ၇:၄၅ ES4E Language & Training Centre(Parents Day)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၈)
- ၁၀:၀၀ ၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
- ၁၁:၁၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ကော်ကြွက်ကွက်ကျော်**
- ၁၁:၄၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာထွန်းထွန်းလင်းနှင့် တွေ့ဆုံခြင်း)
- ၁၂:၀၅ အနုပညာမိုးကောင်းကင်
- ၁၂:၂၀ ဆည်မြောင်းရဲ့အားမာန်···· ပြိုင်းချောင်းရေလှောင်တမံ
- ၁၂:၄၀ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ အစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ အစည်းအဝေး (၁/၂၀၁၀)ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ UNDP၊ UNICEF၊ ILO၊ UNHCRနှင့် IOM အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ပုံမှန်လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုအပြင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သော အစီအစဉ်ဖြစ်သည့် Universal Periodic Review (UPR)အရ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးသို့တင်ပြမည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေးကိစ္စကို ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကဏ္ဍစုံ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးနှင့်စပ်လျဉ်း၍ ဘက်စုံ၊ ကဏ္ဍစုံက လစ်ဟာမှုမရှိစေဘဲ ပြီးပြည့်စုံသော အစီရင်ခံစာ တစ်ရပ်အဖြစ် ပြုစုနိုင်ရေးအတွက် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ အစည်းအဝေး (၁/၂၀၁၀) တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း အီရန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာနူချာ မိုတာကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃မှ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်က စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကမ္ပည်းမော်ကွန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများက စက်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း တာယာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းနမူနာများနှင့် စက်ရုံမှ ထုတ်လုပ်ထားသည့် တာယာအမျိုးမျိုးကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ သိုလှောင်ရုံများနှင့် စက်ရုံမှ စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်းတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထုတ်လုပ်မည်

အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)သည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၂၂)အနီး၌တည်ရှိပြီး စက်ရုံ၌ တပ်ဆင်ထားသည့် မူလစက်တပ်ဆင်မှု စွမ်းအားအရ လူစီးမော်တော်ယာဉ်တာယာ အမျိုးအစား ၁၁မျိုးကို တစ်နှစ်လျှင် အလုံးရေ သုံးသိန်း၊ တန်ချိန်အားဖြင့် ၂၆၀၈တန် ထုတ်လုပ်မည့်အပြင် စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများ ဖြစ်သည့် ဖိအားမြင့်ရော်ဘာပိုက်၊ ဆေးရုံသုံးလက်အိတ်များနှင့် အခြားစက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများကိုလည်း ထုတ်လုပ်သွားမည် ဖြစ်သည်။

စိုက်ပျိုးထား

စက်ရုံဖွင့်ပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စက်ရုံမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ခရီးလမ်းတစ်လျှောက် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ စိုက်ပျိုးထားရှိသော ရော်ဘာပင်များဖြစ်ထွန်းနေမှုနှင့် ပဲခူးတိုင်း ကဝမြို့ရှိ ဆားကွင်းများ ဖော်ထုတ်လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ တင်းနစ်ကွင်း(သထုံလမ်း)၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်

ဗိုလ်လုပွဲများ အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက ယခုပြိုင်ပွဲအတွက် အလှူငွေများကို အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်အေးအေးထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယ ရရှိကြသော ရန်ကုန်တက္ကသိုလ်အသင်းနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ် (ခ) အသင်းနှင့် ပထမရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်(က)အသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

နှစ်ယောက်တွဲပြိုင်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲ တတိယရရှိကြသော ရန်ကုန်ပညာရေးတက္ကသိုလ်(က)အသင်းနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယရရှိသော ရန်ကုန်စီးပွားရေးတက္ကသိုလ် အသင်းနှင့် ပထမရရှိသော ဒဂုံတက္ကသိုလ် အသင်းတို့အား လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိကြသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိကြသူများအား တာဝန်ရှိသူတို့က လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပူးတွဲ တတိယရရှိကြသော ဇော်ကိုကိုထက်(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ နှင့် ဖွဲ့ဇာနည်အောင်(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒုတိယရရှိသော မျိုးမင်းအောင် (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ပထမရရှိသော အောင်ဘိုမင်း(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသော အိအိခိုင်(ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် သက်မာထွန်း (ဒဂုံတက္ကသိုလ်)၊ ဒုတိယရရှိသော ချစ်သက်စု(ရန်ကုန်စီးပွားရေးတက္ကသိုလ်)နှင့် ပထမရရှိသော ခိုင်ငြိမ်းသာ (ဒဂုံတက္ကသိုလ်)တို့အား တာဝန်ရှိသူတို့က ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် ပြိုင်ပွဲတွင် ဒိုင်ချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သော ဦးမျိုးလွင်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတောင်မြို့နယ်နှင့် မုန်းမြို့နယ်တို့၌ သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများ နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူများထိခိုက်ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ပိတောက်ကုန်းကျေးရွာနေ ဦးဝင်းစိုးနှင့် ဦးလွမ်းဝေတို့နှစ်ဦးသည် ဖေဖော်ဝါရီ ၆ရက် ညနေ ၄နာရီခွဲခန့်တွင် ကရင်ပြည်နယ် သံတောင်မြို့နယ် ကနစိုပင်ကျေးရွာအနီး မဲဝါလမ်း(ခ) စပိုင်ကုန်းတော၌ ထင်းခုတ်၍ ခုတ်ပြီး ထင်းများကို နွားလှည်းပေါ်သို့ တင်ဆောင်စဉ် ဦးဝင်းစိုးသည် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲသဖြင့် ဦးဝင်းစိုး၏ ဝဲခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိခဲ့ပြီး ဦးလွမ်းဝေ၏မျက်နှာ၌ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးအား ထန်းတပင်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မိတ်သလင်ကျေးရွာနေ ဦးတင်ဦးနှင့် ဦးဝင်းဇော်တို့သည် ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီခန့်တွင် မုန်းမြို့နယ် ကျော့ပြင်ကျေးရွာ အရှေ့တောင်ဘက် သကျန်းတောင်အင်းအနီး၌ ထင်းတိုက်ရန် နွားလှည်းဖြင့် သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအား နွားလှည်းက နင်းမိပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဦးတင်ဦး၏ ဝဲပေါင်၊ ယာခြေခုံနှင့် ဦးဝင်းဇော်၏ ဝဲခြေခုံတို့တွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ တက်ရောက်၍ ကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၄-၂-၂၀၁၀) ရက်နေ့

နှင့်

(၂၈-၂-၂၀၁၀) ရက်နေ့

နေပြည်တော် ပျဉ်းမနား၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁နာရီခွဲခန့်တွင် တီဗွီကြည့်ရှုပြီး မီးမပိတ်ဘဲထားရာမှ တီဗွီအတွင်း ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၂နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၂နာရီ မိနစ်၄၀တွင် မီးလုံးဝ ငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၁၁လုံး၊ မော်တော်ယာဉ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၁၁စု အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

KNU သောင်းကျန်းသူအဖွဲ့က လှိုင်းဘွဲ့မြို့နယ်မှ ရွာသားလေးဦးအား ဖမ်းဆီးခေါ်ဆောင်ပြီး ဆက်ကြေးငွေများတောင်းခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

KNU တပ်မဟာ(၇) တပ်ရင်း(၂၂)မှ သောင်းကျန်းသူလေးဦးသည် AK- 47 မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ M-16 မောင်းပြန်ရိုင်ဖယ်တစ်လက်နှင့် ပစ္စတိုသေနတ်တစ်လက်တို့ ကိုင်ဆောင်ပြီး ဖေဖော်ဝါရီ ၆ရက် ည၈နာရီခန့်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပတ်ကျောကျေးရွာသို့ရောက်ရှိ၍ ပတ်ကျောရွာသစ်မှ ဆယ်အိမ်မှူးများဖြစ်ကြသော ဦးသိန်းညို (၅၂)နှစ်၊ ဦးအကြည်ဖိုး အသက် (၅၀)၊ ဦးဟူးရှင် (၅၂)နှစ်နှင့် ဦးစံဟဲ အသက်(၃၀)တို့ လေးဦးအား ယင်းကျေးရွာမှ ၂၀၀၉ခုနှစ်အတွက် ဆက်ကြေးပေးဆောင်ခြင်းမရှိဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယင်း KNU သောင်းကျန်းသူအဖွဲ့သည် ပိုင်ကျုံမြို့နယ် လော်ကော်ကျေးရွာအုပ်စု တဟောကျေးရွာသို့ ဖေဖော်ဝါရီ ၇ရက် နံနက် ၅နာရီခန့်တွင် ရောက်ရှိပြီး ဦးအကြည်ဖိုးအား ဆက်ကြေးတောင်း စာတစ်စောင်နှင့်အတူ ပြန်လွှတ်လိုက်ကြောင်း၊ အဆိုပါ ဆက်ကြေးတောင်းစာ၌ ဖေဖော်ဝါရီ ၈ရက်တွင် ဆက်ကြေးငွေသိန်း ၅၀အား လှိုင်းဘွဲ့မြို့နယ် ရွာကိုင်းကောင်းရွာအနီးရှိ ဖောင်ယားကျို့ကျေးရွာသို့ အမြန်ဆုံးလာရောက်ပေးဆောင်ရန်နှင့် KNU တပ်ရင်း(၂၂)မှ ဗိုလ်ကြီးမောင်မဲဟု ကရင်ဘာသာဖြင့် ရေးသားထားကြောင်း သိရှိရသည်။

KNUအကြမ်းဖက်သောင်းကျန်းသူတို့အနေဖြင့် ကရင်လူမျိုးကောင်းစားရေး၊ ကရင်ပြည်နယ်ကောင်းစားရေးဟု အမြဲကြွေးကြော်နေသော်လည်း လက်တွေ့တွင် ကရင်လူမျိုးအများစုနေထိုင်ရာ မြို့/ရွာများ၌ ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးတာဝါတိုင်များကို မိုင်းခွဲဖျက်ဆီးခြင်း၊ ယခုကဲ့သို့ ကျေးရွာများမှ ဆက်ကြေးငွေများ တောင်းခံခြင်းနှင့် ဆန်၊ ရိက္ခာများ အဓမ္မတောင်းခံခြင်းစသည့် အဖျက်လုပ်ရပ်များသာ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသဖြင့် ကရင်လူမျိုးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)

၁၁-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၂၀ ၈။ ဆွာချောင်းတံတား
၈:၃၀ ၉။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **အေးမြသောလေညင်းလေးများ**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ဂီတသံစဉ်အလှဆင်
၄:၂၅ ၃။ ရေအကျိုးဆယ်ပါးမတောင်းဘဲ ပြည့်စေသား
၄:၃၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၄၅ ၅။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၅၅ ၆။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅:၃၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၄၀ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၂၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၅ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ **မျှားငါးကြင်း** (အပိုင်း-၁၂) မိုးမိုး၊ သဇင်၊ သူရလင်း၊ မေမျိုးသင်း (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ**(အပိုင်း-၉)
၇:၄၀ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ National Land Mark အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၆)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၀)
၂၀။ အစီအစဉ်ပြီး၏။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နှင့် ဖေဖော်ဝါရီ ၂၇ရက် (တပေါင်းလပြည့်) နေ့များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်၊ ကုန်ချနှင့် ကုန်ထုတ် ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နေ
ဒုတိယဗိုလ်မှူးကြီးသူရဖုန်းစိန်(ငြိမ်း)-ဒေါ်မူမူအေးတို့၏သားကြီး

ဗိုလ်ကြီးဖုန်းဇော်အောင် B.Sc (D.S.A)

တပ်မတော်(လေ)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း) (ဝန်ကြီး-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)-
ဒေါ်ယဉ်ယဉ်မြင့်တို့၏သမီး

ဒေါက်တာခိုင်မြနွယ်

M.B.,B.S(Yangon)
M.P.H(Final) (University of Rene' Descartes, Paris),
M.P.H, M.H.M (University of New South Wales, Sydney)

တို့၏ ၄-၂-၂၀၁၀ရက်တွင် မရမ်းကုန်းမြို့နယ် Plam Court Villa အမှတ် B4 နေအိမ်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော ဦးအောင်ဖုန်း(ဝန်ကြီး-ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း(ငြိမ်း)နှင့်ဇနီးတို့အားလည်းကောင်း၊ ၅-၂-၂၀၁၀ရက်တွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၆-၂-၂၀၁၀ရက်တွင် Sedona Hotel Executive Club, Level -11 တွင် ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာနာယကအဖြစ် ချီးမြှင့်ဆောင်ရွက်ပေးပါသော ဦးအောင်ဖုန်း(ဝန်ကြီး-ငြိမ်း)နှင့် ဇနီးဒေါ်ခင်စစ်အေးတို့အားလည်းကောင်း၊ ဗုဒ္ဓအလိုတော်ကျ မင်္ဂလာသြဝါဒစကားမြွက်ကြားချီးမြှင့်ပေးပါသော ဆရာဦးမြင့်လွင် (သန့်၊ တည်၊ ပွား)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာသက်ခိုင်စံနှင့် သမီးလေး မခိုင်မြတ်နိုးတို့အားလည်းကောင်း၊ ၇-၂-၂၀၁၀ရက်တွင် Sedona Hotel, Grand Ballroom တွင် ကျင်းပသည့် မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်သန်းမြင့်တို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော အကြီးအကဲများနှင့်ဇနီးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှအရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော အကြီးအကဲများနှင့်ဇနီးများ၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေးမခိုင်မြတ်နိုး နှင့် ဒေါက်တာမေဇွန်သူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးသော ဒေါက်တာချိုဇင်နွယ်၊ မင်္ဂလာလက်စွပ်များကိုင်ဆောင်ပေးသော မမိုးနှင်းဖြူမြင့်လွင်၊ သတို့သားအရံ ဗိုလ်ကြီးဖုန်းဖြိုးဝေ၊ ဗိုလ်ကျော်စစ်ဖုန်း၊ သတို့သမီးအရံ မသန္တာညွှန့်ဝေ၊ မသန္တာမျိုးမြင့်တို့အားလည်းကောင်း၊ မေတ္တာဖြင့် ရတနာဆင်မြန်းပေးပါသော ဦးထွန်းထွန်းဦးနှင့် ဒေါ်ရင်ရင်မြ(စိန်ဇေကရာဇ်)အားလည်းကောင်း၊ Projector နှင့် နည်းပညာပံ့ပိုးပေးပါသော Lucky Bird Group of Companies မှ M.D နှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲများတွင် တက်ရောက်၍ မေတ္တာဖြင့်သီဆိုပေးသော မန္တလေးဦးသိန်းဇော်၊ မ Sweetty၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော စန္ဒရားဒေါက်တာသိန်းမြင့်သန်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးကြသော ဒီဇိုင်နာ မမဇူ (Zu Zu Collection)နှင့် မမလတ်(လတ်လတ်ဖက်ရှင်)၊ မိတ်ကပ်ဆံပင် အောင်အောင် (တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများပုံနှိပ်ပေးသော Dagon ပုံနှိပ်တိုက်၊ ပန်းအလှဆင်ပေးသော Eternal Flowers၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မေတ္တာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသောကို A.K မိုး၊ မင်္ဂလာပွဲအကြို ဓာတ်ပုံရိုက်ကူးပေးသော Zaw Photo & Studio၊ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြသော စစ်ဘက်နယ်ဘက်မှ မိတ်ဆွေများနှင့်ဇနီးများ၊ နှစ်ဖက်ဆွေမျိုးများနှင့် မိတ်ဆွေများ၊ Sedona Hotel မှ G.M. Mr. Saman Sarathchandra နှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးဖုန်းဇော်အောင်-ဒေါက်တာခိုင်မြနွယ်။

(၂၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး၊ မင်္ဂလာဒုံ)- ချစ်မေမေ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန် တတိယဆင့်) (အဘိဓမ္မာသင်တန်းနည်းပြဆရာမ)တို့၏ ၁၁-၂-၂၀၁၀ ရက်တွင် ကျရောက်သော (၂၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သာယာချမ်းမြေ့စွာဖြင့် ပြီးပြည့်စုံသောဘဝကို မိသားစုနှင့်အတူ ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....။

ချစ်သမီးကြီး - ချစ်မိုးပွင့်ဖြူ
ချစ်သမီးငယ် - အိနှင်းပွင့်ဖြူ။

မိဘအမည်မှန်

မြိတ်မြို့၊ အထက(၁)နဝမတန်း (အတွဲ-၇ B)မှ မအေးမြတ်မွန်၏မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်မောင်အေး ၆/မအရ(နိုင်) ဝ၈၉၆၁၅နှင့် ဒေါ်ယုယုမော် ၆/မအရ(နိုင်)ဝ၅၆၈၅၂ ဖြစ်ပါကြောင်း။

ဦးမောင်မောင်အေး၊
ဒေါ်ယုယုမော်။

အမည်ဖြည့်စွက်ခေါ်ပါရန်

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်း အမက (၁၇) Grade-8 (C) မှ မတင်ဇာခြည်လင်း၏ ဖခင်အား ဦးအောင်သိန်း(ခ) ဦးမောင်ငယ်ဟု ဖြည့်စွက်ခေါ်ပါရန်။

ဦးအောင်သိန်း(ခ)ဦးမောင်ငယ်
၇/သယတ(နိုင်)၀၁၇၇၂၉။

မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

အလက(၁) မြောက်ဥက္ကလာပ (ယခင် ပွင့်ကောင်းကျောင်း) ၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်နှင့် ၁၉၆၀မှ ၂၀၁၀ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသောအသက် (၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ၂၂ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း ၎င်ဝါခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ *(မြန်မာ့အလင်း)*

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ အင်းစိန်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ဖေဖော်ဝါရီ၈ရက် နံနက်၁၀နာရီက အင်းစိန်မြို့နယ် အလက(၂)ကျောင်းခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် ဝန်ထမ်းများ၊ ပညာရေးမှူးဦးမျိုးဆွေနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးမှူး ဦးမျိုးဆွေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း(**အပေါ်ပုံ**)၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စည်းလုံးခြင်းသည်အင်အား ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

မီးအစဉ်သတိပြု

တိုက်ကြီးမြို့နယ်၌ မီးသတ်ဆေးဘူးပေးအပ် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား မီးသတ်ဆေးဘူးပေးအပ်ပွဲနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ဇန်နဝါရီ၃၁ ရက်နံနက်၁၀နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ တက်ရောက်ကြသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး 3KG နှင့် 2KG မီးသတ်ဆေးဘူး ၉၄လုံးကို ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ပေးအပ်၍ ရုံးရှေ့တင်းနစ်အားကစားကွင်း၌ မြန်မာသီဟကုမ္ပဏီမှ တာဝန်ရှိသူများက မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်ပုံကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြကြသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

ပညာပျိုးခင်းစာကြည့်တိုက် မော်လိုက်မြို့နယ်၌ဖွင့်

မော်လိုက် ဖေဖော်ဝါရီ ၁၀

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်လိုက်ခရိုင် မော်လိုက်မြို့နယ် နန်းစောက်စောက်ကျေးရွာ ပညာပျိုးခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လှူဒါန်းပွဲကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကိုယ်စား ဒေါ်တင်မျိုးခိုင်က စာကြည့်တိုက်အတွက် ငွေကျပ် ၂၀၀၀၀ နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ဝေက မဂ္ဂဇင်းနှင့်ဂျာနယ်အစောင် ၁၀၀တို့ကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ပန္နက်တင်စိုက်ထူ

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၂/တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးရှေ့တွင် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၇နာရီက အလင်းရောင်စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်က ပန္နက်တင်စိုက်ထူပေးစဉ်။ (၁၁၆)

နှင်းမှုန်တွေကြား ဆော့ကစားနေလေသလား

နိုင်ငံတကာမှုခင်း

မိန်းမမာယာ သဲကိုးဖျာလို့ဆိုကြပြန်သေး…၊ ယောကျ်ားတွေများကျတော့…။

မှုခင်းသတင်းလေးတစ်ပုဒ်ကိုဖတ်မိရာက ညည်းမိညည်းရာ ညည်းလိုက်မိခြင်းဖြစ်၏။ ဘာကိုမှတော့ မရည်ရွယ်ပါ။

မိန်းမနှင့်ယောကျ်ားဆိုသည်မှာ ပညတ်ချက်တွေသာဖြစ်ပါ၏။ အဖိုအမကွဲနေကြသည်ကလွဲ၍ လူထဲက လူတွေပဲလေ။

သို့သော် အကြောင်းတိုက်ဆိုင်လို့ မိန်းမတွေအကြောင်း နိဒါန်းပျိုးလိုက်ရသည်ဟု ဆိုပါစို့။

ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို၊ ဝတ္ထုလိုလို ဇာတ်လမ်းလေးတစ်ပုဒ်ကို ကောက်ခါငင်ခါ ဆိုသလို မမျှော်လင့်ဘဲ တွေ့လိုက်မိရာက ဖောက်သည်ချပြလိုက်ချင်သည်က အဓိကဆန္ဒ။

သတင်းသမားဖြစ်၍ သတင်းစကားပြောချင်လွန်းသည်ကလည်း ဝါသနာကြီးတစ်ခုဗျ။

ကိုယ်တွေ့ကိစ္စမဟုတ်ရိုးအမှန်ပါ။

ပြောပြရခြင်း၏ရည်ရွယ်ရင်းအစစ်က ချင့်ချိန်သုံးသပ်ဆုံးဖြတ်စေချင်လို့ပါ။

အသိပေးလိုသည်က အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် လီဗီလင်းမှ ဖြစ်ရပ်တစ်ခု။

အချိန်က ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ညတစ်ည…။

အခြေအနေက အလွန်အေးမြသည့်ဆောင်းဥတု…။

အဖြစ်အပျက်ကား ဤသို့ပါတည်း။

အလွန်ကြည့်ပျော် ရှုပျော်ရှိသော လုံးကြီးပေါက်လှ ထောင်ထောင်မောင်းမောင်း အမျိုးသမီးတစ်ဦး ကင်စမန်လမ်းမကြီးနှင့် အရှေ့ ၁၁၆လမ်းထောင့်တွင် ရဲကိုလက်ပြ၍ တားနေသည်။ သူမ၏ခန္ဓာကိုယ်၌ကား သွေးများပေကျံလျက်။

သူမ၏အမည်က ဂလာဒီဝိတ်ဖြစ်၏။ ဂလာဒီဝိတ်အသက်က (၄၁) နှစ်။

ရှင်းပြ

သူမက လမ်းတွင်ရောက်ရှိနေသော ရဲအရာရှိများကို အကူအညီတောင်းသည်။ ရဲအရာရှိများကို သူမပြောပြသည်မှာ အနီးအနားရှိ လမ်းထောင့်ကုန်စုံဆိုင်တစ်ဆိုင်ဆီသို့ သူမလမ်းဖြတ်ကူးနေခိုက်တွင် အန်တိုနီဆိုဝဲက သူမကို ဘီယာအတူသောက်ဖို့ခေါ်ကြောင်း၊ သူမက မသောက်တော့ပါဘူးဟု ယဉ်ကျေးသိမ်မွေ့စွာဖြင့် ညင်ညင်သာသာ ငြင်းဆိုလိုက်ကြောင်း၊ ထိုအခါ အန်တိုနီဆိုဝဲက သူမအား အတင်းအဓမ္မလက်ဆွဲခေါ်ကြောင်း၊ ထို့နောက် အန်တိုနီဆိုဝဲကသူမကို တိုက်အပေါ်ထပ်သို့ တရွတ်တိုက်ဆွဲတင်သွားကြောင်း၊ တိုက်ပေါ်ရောက်သည့်အခါတွင် သူမ၏လည်မျိုကို အန်တိုနီဆိုဝဲက နာနာပါအောင်ညှစ်ကြောင်း၊ ထိုအချိန်တွင် သူမသတိလစ်သွားကြောင်း၊ တစ်နည်းဆိုရလျှင် သတိလက်လွတ်လည်း ဖြစ်သွားကြောင်း၊ သူမ ပြန်လည်သတိရလာသည့်အချိန်တွင် အန်တိုနီဆိုဝဲက သူမ၏ အဝတ်အစားများကို အတင်းမရမကချွတ်ကြောင်း၊ ထို့နောက် သူမလည်မျိုကိုညှစ်ပြီး သူမကိုအဓမ္မပြုကြောင်းဖြင့် စီကာပတ်ကုံး ရှင်းပြသွားသည်။

အကြံပေး

ထိုအခြေအနေမျိုးတွင် ဂလာဒီဝိတ်က အန်တိုနီဆိုဝဲ၏ လက်မှလွတ်အောင် အားကုန်ဖွင့်၍ ရုန်းကန်ထွက်ပြေးခဲ့သည်။ ထို့နောက် အနီးအနားရှိ မလှမ်းမကမ်းမှ ဆိုင်တစ်ဆိုင်ကို အကူအညီတောင်းသည်။ ဖုန်းနံပါတ် ၉၁၁ကို ခေါ်ပေးရန် ဆိုင်ရှိလူများကို



အန်တိုနီ ဆိုဝဲ

မေတ္တာရပ်ခံသည်။ ထိုအခါ စားသောက်ဆိုင်ရှိလူများက ဆိုင်အပြင်ဘက်သွားပြီး အများသုံးတယ်လီဖုန်းဖြင့်ပြောရန် အကြံပေးသည်။

ထွက်ပြေး

ထိုစဉ် သူမနောက်ကိုလိုက်လာသည့် အန်တိုနီဆိုဝဲက သူမကိုမီလာသည်။ ဂလာဒီဝိတ် ထွက်ပြေးပြန်သည်။ အန်တိုနီဆိုဝဲက သူမသည် မိမိ၏နေအိမ်တွင် လုယက်ဖို့လာသဖြင့် မိမိလိုက်ဖမ်းခြင်းဖြစ်ကြောင်း အနီးအနားရှိလူများကို ပြောပြသည်။ ထို့နောက် အန်တိုနီဆိုဝဲသည် သူ့နေအိမ်သို့ ပြန်သွားလေ၏။ ဘာတွေဖြစ်ကြပါလိမ့်။

ထိုအခိုက်တွင် ဂလာဒီဝိတ်က ကင်းလှည့်နေသောရဲများကို လက်ပြ၍ တားပြီး အခြေအနေကိုပြောပြသည်။ ရဲကသူမကို လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ပေးလိုက်ရ၏။ သူမသည် အန်တိုနီဆိုဝဲလက်မှ လွတ်မြောက်ရန် ရုန်းကန်နေရစဉ် ထိခိုက်မိ၍ ကွဲသွားသော ပြတင်းပေါက်အနီးမှ မှန်ကွဲအစအနတစ်ခုနှင့်ထိမိသဖြင့် ရရှိခဲ့သည်ဆိုသော သူမလက်မရှိ ဆိုးဆိုးရွားရွားဒဏ်ရာကိုချုပ်ပေးရန် အရေးတကြီးလိုအပ်သည်ဟု ပြောပြ၏။ စဉ်းစားစရာ ပေပဲ။

ဖမ်းမိ

ရဲများက အခင်းဖြစ်ရာနေရာကို တာဝန်အရ သွားရောက်စစ်ဆေး၏။ အန်တိုနီဆိုဝဲအိမ်ဘက်သို့သွားသည့် လမ်းတစ်ဝိုက်တွင် နှင်းများဖုံးနေ၏။ ယင်းနှင်းဖုံးသောလမ်းများပေါ်၌ လူခြေရာများကိုတွေ့၏။ ထိုတွေ့ရှိချက်သည် တစ်ဦးနှင့်တစ်ဦး ရုန်းကန်လှုပ်ရှားနေသည်ကို ပြည့်ပြည့်ဝဝ ပုံရ၏။ အနီးအနားတွင်လည်း သွေးများပေကျံနေသော တစ်ရှူးတစ်ခုကို တွေ့ရပြန်၏။ တွေ့ရသောခြေရာများသည် သွေးများစွန်းနေ၏။ ထိုအခါ အန်တိုနီဆိုဝဲကို ရဲများက ဖမ်းချုပ်လိုက်တော့၏။ မဟုတ်ခါမှလွဲရော တရားခံဟုယူဆရသူကို ဖမ်းမိလေပြီ။

တိုက်ခိုက်

စင်စစ်မှာမူ ဂလာဒီဝိတ်က တစ်ပတ်ရိုက်လိုက်ခြင်းမျှသာဖြစ်၏။ ထိုကဲ့သို့ တစ်ပတ်ရိုက်လိုက်ခြင်းနှင့်ပတ်သက်၍ စုံထောက် ဂျော်ဂျီယာဟူစိန်ကို ပြောပြ၏။ ဂလာဒီဝိတ်၏လုပ်ရပ်ကို စုံထောက်က သိသွား၏။ တကယ်တော့ ဂလာဒီဝိတ်သည် အန်တိုနီဆိုဝဲကို စော်ကားတိုက်ခိုက်ခြင်းသာဖြစ်ကြောင်း အားလုံးက သိသွားကြလေရဲ့။

လွှတ်ပေး

နှစ်ရက်ကြာသည့်အခါ အန်တိုနီဆိုဝဲကို ရဲက အချုပ်မှပြန်လွှတ်ပေးလိုက်ရတော့၏။ အန်တိုနီဆိုဝဲ၏နေအိမ်ကိုလည်း နောက်တစ်ကြိမ် သွားရောက်ရှာဖွေခြင်းမပြုတော့။

အန်တိုနီဆိုဝဲအဖမ်းမခံရမီကလည်း အမျိုးသမီးငါးဦးထက်မနည်း ပျောက်ကွယ်သွားခဲ့ဖူးသည်ဆိုပဲနော်။

သည်နေရာတွင် တရားခံဘယ်သူလဲဟေ့ဟုမေးစရာ၊ စဉ်းစားစရာလိုတော့အုံ့မထင်။ ။

ကိုးကား-အင်တာနက်

ဘဝအမောပြေ

ဖြစ်ရမယ် . . .

တက္ကသိုလ်ပထမနှစ်သို့ စတင်တက်ရောက်လာသော ကျောင်းသားသစ်များကို စည်းကမ်းထိန်းသိမ်းရေးဆရာတစ်ဦးက သတိပေးစကားပြောကြားလေသည်-

ဆရာ ။ ။ ကျောင်းသားများအထူးလိုက်နာရမယ့်စည်းကမ်းရှိတယ်။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့။

ဆရာ ။ ။ ကျောင်းသူများအတွက် သီးသန့်သတ်မှတ်ထားတဲ့နေရာတွေကို မသွားရဘူး။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့။

ဆရာ ။ ။ ပထမအကြိမ်စည်းကမ်းဖောက်ဖျက်ရင် ဒဏ်ငွေ ဒေါ်လာ ၂၀ပေးဆောင်ရမယ်။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့။

ဆရာ ။ ။ ဒုတိယအကြိမ်စည်းကမ်းဖောက်ဖျက်ရင် ဒဏ်ငွေဒေါ်လာ ၆၀ ပေးဆောင်ရမယ်။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့။

ဆရာ ။ ။ တတိယအကြိမ်စည်းကမ်းဖောက်ဖျက်ရင် ဒေါ်လာ ၁၈၀ ပေးဆောင်ရမယ်။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့။

ထိုအခါကျောင်းသားတစ်ဦးက ရုတ်တရက်ထရပ်ပြီး မေးလေသည်။

ကျောင်းသား ။ ။ တစ်နှစ်လုံးအတွက် ကြိုတင်ငွေပေးသွင်းထားလို့ရမလား ဆရာ။

ဆရာ ။ ။ **'ဟေ'**

ဆွေ - စုစည်းသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုစည်းတင်ပြသူ ➢ မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု ➢ ကျင်သန်းဦး (မြန်မာ့အလင်း)

ဂေါက်သီးအချိန်အကြာဆုံး ရိုက်ကစားနိုင်သူ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့မှ ရိုင်ယာတန်အမည်ရှိ အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၄ရက်က နံနက် ၆နာရီမှ ညနေ ၆နာရီအထိ မနားတမ်းဂေါက်သီးရိုက်ကစားခဲ့သည်။ ၄င်းသည် ဂေါက်သီးရိုက်ကစားချိန် ၁၂ နာရီကြာမြင့်ခဲ့ပြီး ဂေါက်သီးအလုံးအရေအတွက် ၇၇၂၁လုံးကို ရိုက်နိုင်ခဲ့သည်။ ရိုင်ယာတန်အား ကမ္ဘာပေါ်တွင် အချိန်အကြာဆုံး ဂေါက်သီးရိုက်ကစားသမားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) (အင်တာနက်)

လူဦးရေအများဆုံး ပါဝင်ကပြသည့်ပွဲ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အီပါဆိုမြို့တွင် အမျိုးသား အမျိုးသမီးဦးရေ စုစုပေါင်း ၄၀၁၄၈ဦးတို့က စုပေါင်းအကဖြင့် တပျော်တပါး ကပွဲဆင်နွှဲကြရာ ကမ္ဘာပေါ်၌ လူဦးရေအများဆုံးကပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ (ဝဲပုံ)

(အင်တာနက်)

ကမ္ဘာ့အမြန်ဆုံး အဝေးထိန်းစနစ်သုံးလေယာဉ်

ဒိန်းမတ်နိုင်ငံ ဆန်တိုဒိုမင်ရိုမြို့သား အေဇယ်ဟာချီအမည်ရှိ အမျိုးသားတစ်ဦး တီထွင်ထုတ်လုပ်ထားသည့် ဂျက်လေယာဉ်ငယ်တစ်စင်းသည် တစ်နာရီလျှင် ၃၃၇ ဒသမ ၁၈ မိုင် ပျံသန်းနိုင်သဖြင့် ကမ္ဘာပေါ်တွင် အဝေးထိန်းစနစ်သုံး အမြန်ဆုံးလေယာဉ်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(ယာပုံ)**

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၇၁ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်
၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂ရက်

၁။ ၂၀၁၀ခုနှစ် (၄၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၀ခုနှစ် မတ် ၈ ရက်မှစ၍ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ၂၀၁၀ခုနှစ် (၄၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၁၀ခုနှစ် (၄၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ ၂၇ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်)နှင့် ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၇ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

ခိုင်ရွှေဝါ
မိကျောင်းကွမ်းဖတ်(ခ)ပင်လယ်နှမ်း
(ယနေ့ပေါက်ဈေးနှင့် ဈေးကောင်းပေးဝယ်သည်)

ပရဆေးနှင့် ကုန်ကြမ်းပစ္စည်းရောင်းဝယ်ရေး အမှတ်(၂၉၆၊၂၉၈)၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၈၀၂၄၅၈၃၊ ၀၉-၅၀၃၇၀၃၇၊ ၀၉-၈၆၂၃၄၀၂၊ ၃၇၁၈၂၂၊ လိုင်းခွဲ-၃၁၉၊ ၂၄၀၆၀၀၊ လိုင်းခွဲ-၄၁၀၇၊ အိမ်-၀၁-၃၉၄၁၀၅။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)

နေပြည်တော်ခရိုင်နယ်တရားမရုံး၌ ၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်လှဲ့လှဲ့အောင် (၎င်း၏အခွင့်ရကိုယ်စားလှယ်ရသူ ဒေါ်ခင်မျိုးသူ) အမှတ် ၆၈၆၊ မဟော်သဓာလမ်း၊ (၄၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ **တရားလို**	**နှင့်**	၁။ ဒေါ်အေးအေးရီ ၂။ ဦးဇာနည်လင်း နေပြည်တော် ပျဉ်းမနားမြို့၊ အမှတ်၈၇၆၊၁၈လမ်း၊ ပေါင်းလောင်း၊ (၂)ရပ်ကွက်။ **တရားပြိုင်များ**

(ယခုနေရပ်လိပ်စာမသိ) ဒေါ်အေးအေးရီ(ဘ) ဦးအောင်ချစ်သိစေရမည်။ သင့်အပေါ်၌ တရားလိုဒေါ်လှဲ့လှဲ့အောင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်ခင်မျိုးသူ)က ဝယ်ယူထားသည့်မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၁၉ရက်(၁၃၇၁ခုနှစ် တပေါင်းလဆန်း၇ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်သစ်ဆွေ တ/၁၇၃၀ (LL.M)
ဒုတိယခရိုင်တရားသူကြီး(၂)
နေပြည်တော်ခရိုင်တရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် ၉၉/ခ၊ မြေကွက်တည်နေရာ အမှတ် ၉၉/ခ၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမောင်ကိုအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် အစ်ကိုဦးမောင်ကိုနှင့် အစ်မဒေါ်သန်းတို့ကွယ်လွန်သဖြင့် ဒေါ်အေးသိန်း ၁၂/ ဥကတ(နိုင်)၀၁၇၈၄၁က ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ကန့်ကွက်နိုင်ကြောင်း
အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ ကြည့်မြင်တိုင် အရှေ့တိုက်နယ်၊ ရပ်ကွက်အမှတ် ၂၈၊(E-၁)၊ စတုတ္ထတန်း ဆင်ခြေဖုံးမြေအမှတ် (၈၈-စီ)၏ တစ်စိတ်တစ်ဒေသမြေကွက်အမှတ် ၁၁၆၆၊ အလျား ×အနံ(၂၅ပေ× ပေ၅၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အိမ်အမှတ်၂၈ဟု ခေါ်တွင်သည့် နှစ်ထပ်၊ အုတ်(ညှပ်)၊ သွပ်မိုး၊ ပျဉ်ထောင်နေအိမ်၏ အကျိုးခံစားခွင့်များအားလုံးကို ဦးမျိုးလွင်မြင့် ၁၂/စခန(နိုင်)၀၅၅၁၈ခဆိုသူထံမှ ဝယ်ယူရန် ကျွန်ုပ်တော့်မိတ်ဆွေများက စရန်ငွေများပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တော့်ထံ စာရွက်စာတမ်းအထောက်အထားများတင်ပြလျက် ကန့်ကွက်နိုင်ကြပါသည်။ ထိုရက်အား ကျော်လွန်ခဲ့ပါလျှင် အရောင်းအဝယ်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစိုးအောင်(B.A., R.L., D.B.L)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၆၀၊ ၄၀လမ်း၊ ဌာနာရပ်ကွက်
အလုံမြို့နယ်၊ ဖုန်း-၂၂၃၇၉၆။



ဖခင်အမည်မှန်

နည်းပညာတက္ကသိုလ်(ပခုက္ကူ) B.E (Electrical Power) မှ မဥမ္မာစန်း ၈/မမန(နိုင်)၁၅၉၆၄၆၏ ဖခင်အမည်မှန်မှာ ဦးစိုးသောင်း(ခ) ဦးသောင်း ၈/မမန(နိုင်)၀၁၂၃၆၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နည်းပညာတက္ကသိုလ်(ပခုက္ကူ) B.E (Civil) မှ မောင်စိုးသူရ ၈/ပခက(နိုင်) ၁၉၅၉၅၈၏ ဖခင်အမည်မှန်မှာ ဦးတင်ညို (ခ) ဦးမြတင်ညို ၈/ပခန(နိုင်)၁၀၅၇၈၄ ဖြစ်ပါကြောင်း။

လယ်တီ ၁၀ရက်စခန်း ကျင်းပမည်

ကျေးဖူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းဆရာဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးအရှေ့ဘက်မုခ် (ဗဟိုရ်လမ်း) ဓမ္မိကာရာမကျောင်းတွင် လစဉ် ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း-၅၁၉၀၉၆။

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)
ပရိဝါသ်အဓိဋ္ဌာန်ဓမ္မသဘင်ဆင်းပွဲအခမ်းအနား

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပရိဝါသ်ဆောက်တည်ခြင်း၊ ဓမ္မသဘင်ကို ၃၀-၁-၂၀၁၀ရက်မှ ၁၈-၂-၂၀၁၀ရက်အထိကျင်းပလျက်ရှိပါသည်။

ထိုပရိဝါသ်ဆောက်တည်ပွဲပြီးဆုံးသည့် ၁၈-၂-၂၀၁၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေကြာအိုင်သိမ်၌ သိမ်ဆင်းလောင်းလှူမည်ဖြစ်ပါသည်။ တန့်ကြည့်တောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိအပါအဝင် ကြီးကြပ်သံဃာငါးပါးနှင့် ပရိဝါသ်ဆောက်တည်သော သံဃာအပါး ၂၀၊ ပေါင်း ၂၅ပါးအား သိမ်ဆင်းလောင်းလှူကြမည်ဖြစ်ပါ၍ ကြွရောက်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

ကပ္ပိယကာရကအဖွဲ့
တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)။

ရောင်းမည်/ငှားမည်

* RC (နှစ်ထပ်)တိုက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရေမီး၊ ဂရန်ပေါက်၊ မူလပိုင်ရှင်။
* အိမ်ရှေ့ ပေ၅၀×၂၅ပေ Space အကျယ်ရှိသည်။
* ရေစင် နှစ်လက်မအဝီစိတွင်းသစ်ပါသည်။ ဈေးကွက်မိသည်။
* ဝပ်ရှော့ဖွင့်လို့ရသည်။ ကုန်စုံဆိုင်၊ ဆေးခန်းဖွင့်လို့ရသည်။
* တိုက်၂၄ပေ×၄၁ပေ၊ အိမ်ပေါ်မှာ အလုပ်လုပ်လို့ရသည်။
* အေးဆေးနေလို့ရသည်။ အိမ်နောက်၊ အိမ်ဘေးကျယ်သည်။
* အိမ်တောင်ဘက်လှည့်၊ အတွင်းလမ်းမကြီး။ အိမ်ရှေ့ပေ၁၀၀ ကတ္တရာလမ်း၊ အိမ်ဘေးပေ၈၀ ကတ္တရာလမ်း။

ညှိနှိုင်းဈေး၊ ဖုန်း-၀၁-၅၀၃၀၂၃ သို့ ဆက်သွယ်ပါ။

ပြန်ကြားရေးဝန်ကြီး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ မကွေး၌ကျင်းပ

မကွေး ဖေဖော်ဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြောကြားသော အမှာစကားအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီက မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မကွေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ မကွေးခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးနှင့် မြို့နယ်ဦးစီးမှူးများ၊ စာကြည့်တိုက် လက်ထောက်(၃)ဝန်ထမ်းများနှင့် မကွေးတိုင်း ခရိုင်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ထပ်ဆင့်ရှင်းလင်း

အခမ်းအနားတွင် မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားပြီးနောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့် မကွေးခရိုင်ဦးစီးအရာရှိ၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မြို့သစ် မြို့နယ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း
ပြင်စလူ ပြန်/ဆက်ဦးစီးဌာန၌ ပေးအပ်

ပြင်စလူ ဖေဖော်ဝါရီ ၈

လပွတ္တာခရိုင် ပြင်စလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DTH စလောင်းနှင့် ဆက်စပ် ပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စလောင်းသုံးစုံကို တာဝန်ရှိသူတစ်ဦးက ပေးအပ်ရာ စလူဆိပ်ကျေးရွာအုပ်စု၊ ပြင်အလန်းကျေးရွာအုပ်စုနှင့် ဓနိဆိပ်ကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်စုဥက္ကဋ္ဌများက လက်ခံယူကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်လျက်ရှိသော မေဓာဝီ(၂)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၂ရက်က အထက(၁)တာမွေတွင် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးဆရာဝန်ကြီးဒေါက်တာဒေါ်ခင်စောရီနှင့်အဖွဲ့က ကျောင်းကျန်းမာရေး ဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၁၅)

မီးကြွင်း မီးကျန်
မရှိရန်
ကျင့်ကြံသတိ
အမြဲရှိ

ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ရက်က အဆိုပါကျောင်း၌ ကျင်းပရာ အတန်းပတ်လည် ပထမဆု၊ ခြောက်ဘာသာ ဂုဏ်ထူးဆု၊ မြို့နယ်ထူးချွန်ဆု နှစ်ဆု၊ ဆုပေါင်းလေးဆုရရှိသော သတ္တမတန်း(က)မှ မမြတ်ကလျာမျိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီနှင့် အမှုဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (ပညာရေး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂)တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီ ၁၀မိနစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ တိုင်းရင်းသားဘာသာ အစီအစဉ် ထုတ်လွှင့်မှုများ တိုးချဲ့ထုတ်လွှင့်သွားမည်

သတင်းအကျယ်ကို စာမျက်နှာ ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များအား အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲသစ်ဆန်းစေလျက် Myanmar International ရုပ်သံလိုင်းအမည်ဖြင့် ထုတ်လွှင့်တင်ဆက်ပေးသွားမည်၊ ဖေဖော်ဝါရီ ၁၁ရက်မှစတင်၍ အကြိုစမ်းသပ်ထုတ်လွှင့်သွားမည်

သတင်းအကျယ်ကို စာမျက်နှာ ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ကြရမည့် နိုင်ငံတော်သစ်ဆီသို့
ကိုသာယာ၏ ဆောင်းပါး စာ-၈၊ ၉

❖ အမျိုးသား အကျိုးစီးပွားဟူသည်....
ဇာနည်၏ ကာတွန်း စာ-၉

❖ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထင်ဟပ်ဖော်ပြနေသော အမျိုးသား အထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)
မြင့်မောင်စိုး၏ သတင်းဆောင်းပါး စာ-၆၊ ၇၊ ၁၀

❖ ပင်လုံမျိုးစေ့
ဖော်မင်းမင်းဦး၏ ကဗျာ စာ-၉

❖ သွေးစည်းသက်သေ ပင်လုံမြေ
နှင်းမောင်(ဇီးကုန်း)၏ ကဗျာ စာ-၉